# ကြေးမုံ
# The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ | Sunday, 4 December 2022 | ၁၀၉၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### အထောက်အကူပြု နည်းပညာများရယူအသုံးပြုနိုင်မှုကို မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် အသိအမှတ်ပြုထားရှိ

# မသန်စွမ်းသူများ၏ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ NGO၊ INGO များ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှစ်စဉ်ကျင်းပ**

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်း


စာမျက်နှာ ၃ ကော်လံ ၁ သို့ ■





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

**အားလုံးပါဝင် ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး**


ဆောင်းပါး စာမျက်နှာ » ၆


**မသိသေးသူများ သိစေချင်သော စာအုပ်များ**


ဆောင်းပါး စာမျက်နှာ » ၁၀


**စိုက်ပျိုးစွမ်းအားပြည့်ထွန်းကားဆိုတဲ့ဆောင်ပုဒ်နဲ့အညီ တောင်သူတွေ စပါးအထွက်နှုန်းကောင်းမွန်ခြင်းဟာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရဲ့ လင်းရောင်ခြည်တစ်ခုဖြစ်တာကြောင့် တစ်ဧက တင်း ၁၃၀ ကျော်ထွက်ရှိမှုအပေါ် တောင်သူတွေထက်ပိုပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။**


စာမျက်နှာ » ၁၂


## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာ ၇ ရက်နေ့၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ကြေးမုံ

# အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသော သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် အဖွဲ့အစည်းဖြစ်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) အဖြစ် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ဗမာ့အမျိုးသားတပ်မတော် (BNA)၊ မျိုးချစ်ဗမာ့တပ်မတော် (PBF)၊ ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများမှသည် လွတ်လပ်ရေးရရှိသည်အထိ ပြည်သူတို့ကို ဦးဆောင်လက်တွဲ၍ တိုက်ပွဲဝင်ခဲ့သော တပ်မတော်ဖြစ်သည်။

တပ်မတော်သည် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ယနေ့ထက်တိုင်အောင် နိုင်ငံတော်ကာကွယ်ရေးနှင့်အမျိုးသားရေးတာဝန်များကို ပြောင်မြောက်စွာထမ်းဆောင်ခဲ့သည့် အစဉ်အလာကြီးမားသော တပ်မတော်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူသည့် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန် သုံးရပ်ကို အစဉ်တစိုက် ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အပေါ်တွင် သစ္စာရှိစွာဖြင့် ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသည်။

"နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးသည် အနိမ့်ဆုံးအဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး တပ်မတော်သားများသည် ကိုယ်ပိုင်ဆန္ဒနှင့်အညီ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း" စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မဟာသရေစည်သူမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူလုပ်ဆောင်မှုမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် နိုင်ငံအတွက် မဖြစ်မနေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ဖြစ်သည်။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၀ (စ)အရ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် အဆိုပါတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူထားစဉ်ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်၏ အဓိကအချက်ဖြစ်သော ငြိမ်းချမ်းရေးကို စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့် ယခုနှစ်ကာလမှစတင်၍ ခြေလှမ်းသစ်များဖြင့် စတင်ကြိုးပမ်းဆောင်ရွက်နေသည်။ တပ်မတော်သည် ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေများအရ နိုင်ငံ့တာဝန်ကို ခေတ္တရယူပြီးနောက်ပိုင်း တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ခဲ့ကြသူများကို ထိန်းသိမ်းကာကွယ်တားဆီးတိုက်ဖျက်လျက်ရှိသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပြီး နိုင်ငံတော်အပေါ်ကျရောက်လာမည့် ဖြစ်ပေါ်လာသမျှ ပြည်တွင်း/ပြည်ပ ရန်စွယ်အန္တရာယ်ဟူသမျှကို ဖယ်ရှားရှင်းလင်းကာ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်လျက်ရှိပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပတ္တာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်နှင့် ရန်ကင်းမြို့နယ်ရှိ ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒီသေနာရာမကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်နှင့် မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးမြဂုဏ်ရာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

သထုံ ဒီဇင်ဘာ ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲခန့်က လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ Grade-9 နှင့် Grade -11 ကျောင်းသားကျောင်းသူ လေးဦးတို့က "လူငယ်နှင့်ပညာရေး"၊ "လူငယ်နှင့် အောင်မြင်မှု"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူနှင့် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်တို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန သထုံခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက သင်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း လာရောက်ပြုလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)မှ ကျောင်းအုပ်ကြီး ဦးအောင်ကျော်နှင့် ဝန်ထမ်းများ၊ သင်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များနှင့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူတို့က စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - **ဦးခိုင်ဝင်းနှင့်အဖွဲ့** |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**“ ယခုနှစ်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် “အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး”နှင့်အညီ မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး လက်လှမ်းမီရယူအသုံးပြုနိုင်မည့် ညီမျှသည့် လူ့အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးကြစေလို ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

■ ရှေ့ဖုံးမှ

မြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများနှင့် ကောင်းကျိုးစီးပွားတို့အတွက် ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အဖြစ်သတ်မှတ်ပြီး ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်က စတင်ပြီး အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၉)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

**ဦးတည်ဆောင်ပုဒ်**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်မှာ **“Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world” “အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး”**ပင် ဖြစ်ကြောင်း။

အခြားသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် တီထွင်ဖန်တီးမှုနှင့် နည်းပညာ အကူအညီများကို ရယူသွားရမည် ဖြစ်ကြောင်း၊ နည်းပညာနှင့် တီထွင်ဖန်တီးမှုသည် မသန်စွမ်းသူများအတွက် အလွယ်တကူ လက်လှမ်းမီရယူနိုင်မှု(accessibility)နှင့် အသုံးချနိုင်မှု (usability)များကို မြှင့်တင်ပေးနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

မည်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ကွန်ဗင်းရှင်းတွင်လည်း အထောက်အကူပြု နည်းပညာများရယူအသုံးပြုနိုင်မှုကို မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးတစ်ရပ် အနေဖြင့် အသိအမှတ်ပြုထားရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အာရှပစိဖိတ်ဒေသတွင်း နိုင်ငံဖြစ်သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အင်ချွန်း မဟာဗျူဟာ (၂၀၁၃-၂၀၃၃)နှင့် ASEAN Enabling Master Plan (2025) တို့ကို လိုက်နာအကောင်အထည်ဖော်လျက်ရှိကြောင်း။

အင်ချွန်း မဟာဗျူဟာအရ မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ လေးခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးကို လွှမ်းခြုံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ASEAN Enabling Master Plan(2025) အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ မဟာဗျူဟာ ငါးနှစ်စီမံကိန်း ထိရောက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဦးဆောင်ပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်နိုင်စေရေးအတွက် အတားအဆီးကင်းသည့် ပတ်ဝန်းကျင် (Barrier Free Environment)၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်မှု (Accessibility) တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခင်ဖွဲ့စည်းထားသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြန်လည်ပြင်ဆင် ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးမှုများနှင့် စွမ်းဆောင်ရည်ပြည့်ဝစေပြီး မသန်စွမ်းသူများကို ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ်သုံးဘီလီယံကို ထုတ်ပေးထားကြောင်း၊ အဆိုပါမတည်ငွေကို မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက် ပံ့ပိုးပြီး တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုသွားကြရန် မှာကြားလိုကြောင်း။

ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် **“အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး”**နှင့်အညီ မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး လက်လှမ်းမီ ရယူအသုံးပြုနိုင်မည့် ညီမျှသည့် လူ့အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေနှင့်အညီ မသန်စွမ်းသူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ် အသီးသီးမှ

**စာမျက်နှာ ၄ သို့** »»

ကြေးမုံ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

»»» **စာမျက်နှာ ၃ မှ**

လူမှုအဖွဲ့အစည်းများတွင် ဘေးဖယ်ချန်လှပ်ထားခြင်းမျိုး မဖြစ်စေဘဲ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရေး ကြိုးစားပေးကြစေလိုကြောင်း၊ မသန်စွမ်းသူများအနေဖြင့်လည်း စိတ်ဆင်းရဲအားငယ်မှုများ မဖြစ်ကြဘဲ ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်၍ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းအောင် လေ့ကျင့်နေထိုင်နိုင်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့က မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိကြသူများနှင့် ၂၀၂၂ ခုနှစ် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ပြီး အဆင့်(၆) တွင် ရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှ အစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်ရွယ်၍ “၂၀၂၂ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်း လမ်းလျှောက်ပွဲ” ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုဝင် စုစုပေါင်းအင်အား ၄၀၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကား သိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

### ပျော်ပျော်ပါးပါးလမ်းလျှောက်

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A) ရှေ့အထိ ပျော်ပျော်ပါးပါးလမ်းလျှောက်ကာ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူး၊ Pocari Sweat နှင့် အာဟာရမုန့်များ ပေးဝေကြသည်။



အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် ယနေ့နံနက် ၁၀ နာရီ၌ သွားရောက်လက်မှတ်ရေးထိုး သည်။

ကွယ်လွန်သူ မစ္စတာကျန်ဇီမင်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၀၁ ခုနှစ်တွင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဒီဇင်ဘာ ၃

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ် နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်း အနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင် သည်။ **မိုး/ဇလ**

\-------------------------

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၃

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ် အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဝန်ထမ်းမိသားစု စုပေါင်းမိတ်ဆုံစားပွဲသို့တက်ရောက်ကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နေ့လယ်စာအတူတကွသုံးဆောင်

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် လိုအပ်သောအရည်အချင်းပြည့်မီသည့် ကျန်းမာရေး လူ့စွမ်းအားစုအမျိုးမျိုးကို အမျိုးသားကျန်းမာရေး စီမံကိန်းလိုအပ်ချက်နှင့်အညီ လေ့ကျင့်မွေးထုတ်ပေး နေသော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန နိုင်ငံ့ဝန်ထမ်း များ၏ မိသားစုမိတ်ဆုံ နေ့လယ်စာစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

### ဆုများချီးမြှင့်

စုပေါင်းမိတ်ဆုံ နေ့လယ်စာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက တက်ရောက်လာကြသည့် ဝန်ထမ်းများအား ရင်းရင်း နှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် များ မွေးထုတ်ပေးသည့် ဌာနဖြစ်သည့်အလျောက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ရှေ့လုပ်ငန်းစဉ် များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း နှင့် ဝန်ထမ်းများအနေဖြင့် အချင်းချင်းရင်းနှီးချစ်ခင် စွာဖြင့် ကျရာတာဝန်များကို ပျော်ရွှင်စွာ အင်တိုက်



အားတိုက်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြား ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များသည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူ တကွ သုံးဆောင်ကာ တေးသီချင်းအက၊ အလှုများဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည့် ဝန်ထမ်းများကို ဆုများချီးမြှင့်ကြသည်။

အဆိုပါမိတ်ဆုံစားပွဲတွင် ဝါသနာရှင်ဝန်ထမ်း များ၊ သူနာပြုသင်တန်းကျောင်း (နေပြည်တော်)နှင့် သားဖွားသင်တန်းကျောင်း(နေပြည်တော်)တို့မှ သင်တန်းသား သင်တန်းသူများက တေးသီချင်းအက များဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြပြီး ဝန်ထမ်းများအတွက် လည်း ကံစမ်းမဲများဖောက်ပေးကာ အခမ်းအနားကို ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

# အားလုံးပါဝင် ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး

ကိုကြွေး(ဘူမိဗေဒ)




ယနေ့ကမ္ဘာ့လူဦးရေသည် သန်း ၈၀၀၀ ကျော်လွန်သွားပြီဖြစ်ပါသည်။ ထိုအထဲမှ ၁၅ ရာခိုင်နှုန်းဖြစ်သော မသန်စွမ်းသူများသည်လည်း ကမ္ဘာကြီး၏ ဖြစ်စဉ်ပြောင်းလဲမှုများကြား ဖြတ်သန်းနေကြရပါသည်။ ကုလသမဂ္ဂ သမိုင်းတစ်လျှောက် ကမ္ဘာကြီးစိန်ခေါ်မှု အများဆုံးအခြေအနေသို့ရောက်ရှိနေခြင်း၊ လူသားအားလုံးနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ခံနိုင်စွမ်းရည် ပိုမိုမြင့်မားပြီး ရေရှည်တည်တံ့သည့် ကမ္ဘာကြီးတည်ဆောက်ရာတွင် အားလုံးပူးပေါင်းအဖြေရှာရန်(All Inclusive) အချိန်တန်ပြီဖြစ်ကြောင်း သတိပြုခြင်းကြောင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၇၇)ကြိမ်မြောက် အစည်းအဝေးကို "အရေးပါသော အပြောင်းအလဲကာလ- စိန်ခေါ်မှုများအား ဆန်းသစ်တီထွင်ပြောင်းလဲခြင်းဖြင့် ဖြေရှင်းရေး(A watershed moment: Transformative Solution to Interlocking Challenges" ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများ

ယနေ့ကမ္ဘာကြီး၏အခြေအနေသည် ခက်ခဲရှုပ်ထွေးလျက်ရှိပြီး အင်အားကြီးနိုင်ငံများ၏ နိုင်ငံတကာသို့ ပြည်တွင်းရေးစွက်ဖက်မှုများ၊ နိုင်ငံများ၏ လုံခြုံရေးကို ခြိမ်းခြောက်နေမှုများကြောင့် မိမိနိုင်ငံ အချုပ်အခြာအာဏာတည်တံ့ရေးနှင့် လှုပ်ရှားမှုများမှ အခြေခံသော ယူကရိန်းနှင့်အခြားနိုင်ငံအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မက်ရေးရာများ၊ ကိုဗစ်-၁၉ ရောဂါမှ ထွက်ပေါ်လာသည့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာများ၊ ရာသီဥတုပြောင်းလဲနိုင်ခြေများစသည့် ပဋိပက္ခများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများကို ကြုံတွေ့နေရပါသည်။ အဆိုပါ အကြောင်းတရားများသည် ကမ္ဘာ့စီးပွားရေးကိုလည်း ခြိမ်းခြောက်လျက်ရှိနေပါသည်။

ကမ္ဘာ့နိုင်ငံများရှိ မသန်စွမ်းသူများသည် အများအားဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားခြင်း၊ အလုပ်အကိုင်ရရှိမှုနှုန်း နိမ့်ကျခြင်း၊ ပညာသင်ယူတတ်မြောက်မှုနည်းပါးခြင်း၊ အရည်အသွေးနိမ့်ကျသော ကျန်းမာရေးစသည့် ဆိုးရွားသော လူမှုစီးပွားအခြေအနေတို့ကို ကြုံတွေ့ခံစားနေကြရပါသည်။ ထို့အပြင် မသန်စွမ်းသူများသည် အစာအာဟာရချို့တဲ့ခြင်း၊ သန့်ရှင်းသော သောက်ရေ၊ သုံးရေမရရှိနိုင်ခြင်း၊ လုံခြုံစိတ်ချမှုမရှိသော လုပ်ငန်းခွင်များ၊ ပြည့်စုံကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိပိုင်ခွင့်နှင့် ပညာသင်ကြားခွင့် မရှိခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ နည်းပါးသော လုပ်ခလစာအပြင် မသန်စွမ်းမှုကြောင့် နေ့စဉ်နေထိုင်မှု ကုန်ကျစရိတ် မြင့်မားခြင်းတို့ကိုလည်း တွေ့ကြုံခံစားနေရပါသည်။

မသန်စွမ်းသူများအတွက် အဆင်ပြေလွယ်ကူမှုမရှိသော ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် ပို့ဆောင်ဆက်သွယ်ရေးအကြောင်းအရာများ၊ အထောက်အကူပြုပစ္စည်းကိရိယာနှင့် နည်းပညာများမရှိခြင်း၊ မသန်စွမ်းမှုအလိုက် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ မရှိခြင်း၊ ဝန်ဆောင်မှုပေးရာတွင် လိုအပ်ချက်များနှင့် လူ့အဖွဲ့အစည်းအတွင်း မှားယွင်းသော ယုံကြည်မှုနှင့် စိတ်သဘောထားတို့ကြောင့် မသန်စွမ်းသူများအနေဖြင့် လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း တန်းတူညီမျှပါဝင်ဆောင်ရွက်နိုင်ခြင်းအား ကန့်သတ်တားဆီးလျက်ရှိပါသည်။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

ထိုအခြေအနေတို့ကို ကျော်လွှားဆောင်ရွက်ကြရာတွင် သမားရိုးကျဆောင်ရွက်၍ မရတော့ဘဲ ဆန်းသစ်တီထွင်မှုများ၊ တီထွင်ဖန်တီးမှုများဖြင့် အားလုံးပါဝင်ဆောင်ရွက်ရေး လက်လှမ်းမီညီမျှစွာ ဆောင်ရွက်နိုင်ရေးကို မီးမောင်းထိုးပြစေရန်အတွက် ယခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities –IDPD) ဆောင်ပုဒ်ကို "အားလုံးပါဝင် ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင်အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး" (Transformative solutions for Inclusive development: the role of innovation in fuelling an accessible and equitable world) ဟု ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာန (United Nations Department of Economic and Social Affairs) က ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

## ၂၀၃၀၏ အခြေခံမူ

ထိုဆောင်ပုဒ်သည် ပဋိပက္ခဖြစ်ပွားသည့်ကာလများတွင် မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အခြေအနေတွင်ရှိသည့် လူသားတို့သည် အမြဲလိုလို ဘေးဖယ်ခံရခြင်းမရှိစေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၃၀ ၏ အခြေခံမူဖြစ်သည့် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေးနှင့်အညီ ပိုမိုလက်လှမ်းမီ၍ သာတူညီမျှသောကမ္ဘာမြေ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများနှင့် ပူးပေါင်းလက်တွဲ၍ ဆန်းသစ်တီထွင်မှုရှိသော ဖြေရှင်းခြင်းတို့ကို အစိုးရအဖွဲ့အစည်းများ၊ အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း မီးမောင်းထိုးပြခြင်းလည်း ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ၁၉၉၂ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် (၄၇/၃)အရ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပြုလုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများအား သိမြင်နားလည်မှု မြှင့်တင်ရန်နှင့် မသန်စွမ်းသူများ၏ ကောင်းကျိုးစီးပွား၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့အတွက် ထောက်ပံ့ကူညီမှုရရှိစေရေး စည်းရုံးဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုကြရာတွင် ဆက်စပ်လွှမ်းမိုးမှုရှိသည့် လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း၊ ဖြေရှင်းဆောင်ရွက်မှုများ အထူးသဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၈)၊ (၁၀)တို့နှင့် ဆက်စပ်နေကြောင်း တွေ့ရပါသည်။

ဖွံ့ဖြိုးရေးပန်းတိုင် (၈) ဖြစ်သော စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဖြစ်ပေါ်ရရှိစေရေး (Promote Sustained inclusive and Sustainable Economic Growth, Full and Productive Employment decent work for all) တွင် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုရှိပြီး လျင်မြန်စွာတိုးတက်ပြောင်းလဲနေသော နည်းပညာနယ်ပယ်ရှိ အလုပ်အကိုင်တို့ကို ခံစားရရှိနိုင်ရန် လိုအပ်သည့် အလုပ်အကိုင်၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့အကြား ချိတ်ဆက်နေမှုများနှင့် အထောက်အကူပြုနည်းပညာတို့သည် အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီရရှိခွင့် မြင့်မားလာစေရန်နှင့် လုပ်ငန်းခွင်၌ ပေါင်းစပ်အသုံးချနိုင်ရေးတွင် အရေးပါပုံကို ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၀) တွင် နိုင်ငံတွင်းနှင့်နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး (Reduce Inequality within and among countries) တွင် မသန်စွမ်းမှု အကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု၊ အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍတို့တွင် မညီမျှမှုတို့ကို လျှော့ချရန် ဆောင်ရွက်မည့် မသန်စွမ်းမှု အကျုံးဝင်ဆန်းသစ်တီထွင်မှုများ၊ လက်တွေ့အသုံးချဆောင်ရွက်ချက်များ၊ ကောင်းမွန်သော အလေ့အထများနှင့် လုပ်ငန်းခွင်တွင် မတူကွဲပြားခြားနားမှုတို့ကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် မသန်စွမ်းသူများအတွက် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်ပါသည်။

## မသန်စွမ်းမှုအမျိုးအစား

မသန်စွမ်းသူများအတွက် ဆန်းသစ်တီထွင်မှုတွင် နမူနာအားဖြင့် ယနေ့အားကစားကဏ္ဍ၌ မသန်စွမ်းမှုအမျိုးအစားအလိုက် ပါဝင်လှုပ်ရှားနိုင်စေရန် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် ဆန်းသစ်တီထွင်မှုများကို တပေါင်းတည်း မြင်တွေ့နိုင်သည့်ကဏ္ဍတစ်ခုဖြစ်ပါသည်။ ယနေ့အားကစားကဏ္ဍကို ကောင်းမွန်သော အလေ့အထဆိုင်ရာ စံနမူနာနှင့် ဆန်းသစ်တီထွင်မှု၊ အလုပ်အကိုင်နှင့်ညီမျှမှုတို့၏ နမူနာကောင်းအဖြစ် တွေ့မြင်ရပါသည်။ ကမ္ဘာ့အဆင့်ပြိုင်ပွဲများ၊ ဒေသန္တရအဆင့်၊ နိုင်ငံအဆင့် ပြိုင်ပွဲများတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်နိုင်နေကြသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အခြားကဏ္ဍများတွင်လည်း မသန်စွမ်းမှုအမျိုးအစားအလိုက် ပါဝင်ဆောင်ရွက်နိုင်ရေး အဟန့်အတားများကို တိုးတက်သော နည်းပညာဖန်တီးမှုများဖြင့် ဖယ်ရှားပေးခြင်းဖြင့် လူတိုင်းအကျုံးဝင်သော အစီအစဉ်များ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ✻

> "မသန်စွမ်းသူများအတွက် ဆန်းသစ်တီထွင်မှုတွင် နမူနာအားဖြင့် ယနေ့အားကစားကဏ္ဍ၌ မသန်စွမ်းမှုအမျိုးအစားအလိုက် ပါဝင်လှုပ်ရှားနိုင်စေရန် မသန်စွမ်းသူများ အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် ဆန်းသစ်တီထွင်မှုများကို တပေါင်းတည်း မြင်တွေ့နိုင်သည့်ကဏ္ဍတစ်ခု ဖြစ်ပါသည်။ ယနေ့အားကစားကဏ္ဍကို ကောင်းမွန်သော အလေ့အထဆိုင်ရာ စံနမူနာနှင့် ဆန်းသစ်တီထွင်မှု၊ အလုပ်အကိုင်နှင့်ညီမျှမှုတို့၏ နမူနာကောင်းအဖြစ် တွေ့မြင်ရ"

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးပတ်ဝန်းကျင် မီးဘေးအန္တရာယ်ကင်းစေရေး မီးတားလမ်းဖောက်လုပ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်



**နေပြည်တော် ဒီဇင်ဘာ ၃**

မိုးရာသီကုန်ဆုံး၍ ခြောက်သွေ့ရာသီရောက်ရှိပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်၊ ရုံးလုံခြုံမှုရှိစေရန်နှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာစိုပြည်စေရန် ရည်ရွယ်ပြီး ယနေ့ နံနက် ၈ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးအမှတ်(၁၄) ပတ်ဝန်းကျင်၌ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဦးဆောင်၍ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန နှစ်ခုတို့မှ အရာထမ်း၊ အမှုထမ်းများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မီးတားလမ်းများ ဖောက်လုပ်ခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မှာကြား**

စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီးနောက် ဝန်ထမ်းများကို နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပြီး ပြည်ထောင်စုဝန်ကြီးက မီးဘေးအန္တရာယ်လုံခြုံရေး ဂရုပြုကြရန်၊ စည်းစည်းလုံးလုံးရှိကြရန်၊ မိမိတို့ဝန်ကြီးဌာန ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရန် ဝန်ထမ်းများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် MPEG Company Limited မှ တာဝန်ရှိသူများကို လက်ခံတွေ့ဆုံ

**ဘားအံ ဒီဇင်ဘာ ၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက MPEG Company Limited မှ တာဝန်ရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တင်ပြဆွေးနွေး**

တွေ့ဆုံစဉ် MPEG Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်မြကေသီက ကိုရီးယားနိုင်ငံ ရာသီသီးနှံစိုက်ပျိုးရေးလုပ်သားများ ခေါ်ယူခြင်းလုပ်ငန်းကို ကရင်ပြည်နယ်ကိုယ်စားလှယ်အဖြစ် တစ်ရာသီလျှင် စိုက်ပျိုးရေးသမားလူဦးရေ ၅၀ မှ ၂၀၀ အတွင်း ပို့ဆောင်နိုင်ရေးကိစ္စရပ်များကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများနှင့်အညီဆောင်ရွက်နိုင်ရေး မှာကြားခဲ့ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ စာမျက်နှာ ၆ မှ

### မသန်စွမ်းသူ ၅ ဒသမ ၉ သန်း၊ လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိ

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ မသန်စွမ်းသူများအတွက် သင့်တော်သော ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများတွင် အားလုံးပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ရှေ့ပြေးရလဒ်များအရ မသန်စွမ်းသူ ၅ ဒသမ ၉ သန်း၊ လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏အရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မသန်စွမ်းသူများ၊ မသန်စွမ်းအရေး ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ၂၀၁၉ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မိတ်ဆက်ဖြန့်ချိနိုင်ခဲ့ပြီဖြစ်ပါသည်။

မဟာဗျူဟာစီမံချက်ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convension of the Rights of Persons with Disability)၊ အာဆီယံ မဟာဗျူဟာလုပ်ငန်းအစီအစဉ်(ASEAN– Enabling Masterplan 2025) နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)၊ နည်းဥပဒေများ(၂၀၁၇)တို့နှင့်အညီ နိုင်ငံ၏ လူသားစွမ်းရည်အရင်းအမြစ်များဖြစ်သော မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုင်းအဝိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးနှင့် လူ့ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်စေရေးတို့အတွက် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ စီမံကိန်းတွင် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး အလွယ်တကူလက်လှမ်းမီရရှိရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ စသည်တို့ကို ဦးစားပေးကဏ္ဍ(၆)ရပ်အဖြစ် အကောင်အထည်ဖော်ရန် ထည့်သွင်းထားရှိခဲ့သည်ကို တွေ့ရပါသည်။ (အထောက်အထားသိလိုပါက moswrr.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) ယခုအခါ မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး လုပ်ငန်းစီမံချက်(Action Plan) များ ရေးဆွဲရေးအတွက် ဆောင်ရွက်နေပြီဖြစ်ပါသည်။

### မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာဖြင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်သည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားကော်မတီ အစည်းအဝေးတွင် ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာဖြင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး အရေးကြီးကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် မသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစီမံဆောင်ရွက်သွားကြရန်၊ ပို့ဆောင်ရေးကဏ္ဍများတွင်လည်း မသန်စွမ်းသူများအတွက် လိုအပ်ချက်များကို ထည့်သွင်းဆောင်ရွက်သွားပေးရန်လိုကြောင်း လမ်းညွှန်ခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက အားလုံးအကျုံးဝင် ပညာရေး၊ ကျန်းမာရေး၊ မသန်စွမ်းသူများနှင့်သင့်တော်သော အလုပ်အကိုင်ရရှိရေး၊ အလုပ်အကိုင်အတွက် လိုအပ်သည့်သင်တန်းများပေးရေး၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းစင်ရေးနှင့် အထူးအစီအစဉ်များ၊ အထူးသဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက အတားအဆီးမဲ့ခရီးသွားအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် သက်ဆိုင်ရာခရီးသွားလုပ်ငန်းအဖွဲ့များ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ အရင်းမပျောက်မတည်ရန်ပုံငွေ သုံးဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျ တိုးပွားအောင် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး တိုးပွားလာသော ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများ အကျိုးပြုလုပ်ငန်းများတွင် သုံးစွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### မသန်စွမ်းမှုအဆင့်အလိုက် ထောက်ပံ့ခြင်း

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် မသန်စွမ်းသူများအား မသန်စွမ်းထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မသန်စွမ်းသူစုစုပေါင်း ၂၃၄၂၂၆ ဦးအတွက် ထောက်ပံ့ကြေးငွေစုစုပေါင်းကျပ်သန်း ၇၃၈၂ ဒသမ ၉၄၉ သန်းတိတိကို ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မသန်စွမ်းသူစုစုပေါင်း ၃၈၁၄၁ ဦးအတွက် ထောက်ပံ့ကြေးငွေစုစုပေါင်း ကျပ်သန်း ၁၁၆၁ ဒသမ ၁၀၅ သန်းတိတိကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် (အောက်တိုဘာလမှ မတ်လအထိ) မသန်စွမ်းသူစုစုပေါင်း ၅၅၁၈ ဦးအတွက် ထောက်ပံ့ကြေးငွေစုစုပေါင်း ကျပ်သန်း ၁၆၆ ဒသမ ၂၁၀ သန်းကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (ယနေ့အထိ) မသန်စွမ်းသူ ၆၈၅ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၂၅ သန်း ထောက်ပံ့ပေးထားပြီးဖြစ်ပါသည်။ ထို့ပြင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပြီး ထိုမှတ်ပုံတင်ခြင်းလုပ်ငန်းပြီးမြောက်ပါက မသန်စွမ်းမှုအဆင့်အလိုက် ထောက်ပံ့ခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၃၀ အစီအစဉ်ဖြစ်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွင် လူ့အခွင့်အရေးတို့ကို အပြည့်အဝဖော်ဆောင်ရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း မသန်စွမ်းမှုကို အကြောင်းပြု၍ ချန်လှပ်ထားခဲ့ခြင်း၊ နောက်ကျကျန်ရစ်ခဲ့ခြင်း မရှိစေရန် အထင်အရှား ဖော်ပြထားပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဆိုင်ရာ မူဘောင်တွင်လည်း ရည်မှန်းချက်(၇)ရပ်သည် မသန်စွမ်းသူများအတွက် ရည်ညွှန်းဖော်ပြထားပြီး အခြားရည်မှန်းချက်(၆)ရပ်တွင်လည်း မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အခြေအနေတွင်ရှိသည့် လူသားများအတွက် ရည်ညွှန်းဖော်ပြထားပါသည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့်လည်း ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ကြီးက ချမှတ်ထားသော မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ မသန်စွမ်းသူများအရေးကို အလေးထားဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်၍မရဘဲ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းသူအရေးဆောင်ရွက်နေသော အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍများကပါ ပူးပေါင်းဆောင်ရွက်ပေးမှသာ အောင်မြင်နိုင်မည့်လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "အားလုံးပါဝင် ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး ထီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး"အတိုင်း မသန်စွမ်းသူများအရေး တီထွင်ဆန်းသစ်ပြီး အားလုံးပါဝင်သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ကိုးကား– un.desa.com**

# လှိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေးပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန် ရည်ရွယ်၍ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများ ရေးဆွဲပြီးအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အနေဖြင့် မသန်စွမ်းသူများကို နှစ်စဉ်ငွေကြေးများ ထောက်ပံ့ခြင်း၊ ချိုင်းထောက်၊ လက်ထောက်၊ ခြေတုနှင့် ဝှီးချဲများ




ထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ တက်ရောက်စေပြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း၊ ပြည်ပ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာဌာနများက စေတနာ့ဝန်ထမ်းအဖွဲ့များ၊ မသန်စွမ်းသူအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

**ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ Video Clip နှင့် ကုလသမဂ္ဂ၏ သဝဏ်လွှာ Video Clip များကို ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများဖြစ်သည့် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ သံပြားပစ်၊ သံလုံးပစ်၊ လှံတံပစ်၊ ကြက်တောင်ရိုက်နှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနား ကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မသန်စွမ်းသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မသန်စွမ်းသူများ၏ လူ့အခွင့်အရေး အပြည့်အဝရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွန်ဗင်းရှင်းနဲ့အညီ မသန်စွမ်းသူများဥပဒေကို ၂၀၁၅ ခုနှစ်နှင့် နည်းဥပဒေကို ၂၀၁၇ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်းချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်မီတိုးတက်သော ကမ္ဘာကြီးတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန်နှင့် အခြားသူများနည်းတူ တန်းတူညီမျှအကျိုးရလဒ်များ ရရှိခံစားနိုင်စေရန်လည်း သက်ဆိုင်ရာဌာနများနှင့် အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက အလေးထားဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အဆိုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် မသန်စွမ်းသူများအရေးနှင့် ပတ်သက်သည့် Video Clip များအားလည်းကောင်း၊ အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသူတစ်ဦး၏ ဖျော်ဖြေမှုအားလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် အချိန်ပိုသင်ကြားပို့ချပေးလျက်ရှိသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဆရာ ဆရာမများ၏ သင်ကြားမှုများအား အလေးအနက်ထားမှတ်သားလေ့လာသင်ယူကြရန်၊ စနစ်ဟောင်း၏ နောက်ဆုံးအခွင့်အရေးဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဖြေဆိုကြရန် ပြောကြားခဲ့သည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ခြင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက တာလွှတ်ပေးပြီး ပြည်နယ်အားကစားကွင်းအတွင်း လမ်းလျှောက်ကြ၍ ကိုယ်လက်သွေးပူလေ့ကျင့်ခန်း အတွဲ(၁) အမှတ်(၂)ပြုလုပ်ကြပြီး အကြောဖြေလေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

**ဆုများချီးမြှင့်**

ဆက်လက်၍ ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက တပျော်တပါး ပါဝင်လမ်းလျှောက်ကြပြီး အားကစားပြိုင်ပွဲများကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်များမှ အကြီးအကဲတို့က ဂေါက်သီးပတ်တာပတ်ယှဉ်ပြိုင်ခြင်း၊ ဘောလုံးဂိုးကျင်းကန်သွင်းမှု ယှဉ်ပြိုင်ခြင်း၊ ကျောင်းသား ကျောင်းသူများမှ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူပေါင်းဖောက်ပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ ခြေသုံးချောင်းထောက်ပြိုင်ပွဲ၊ မီတာ ၁၀၀ x ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဂေါက်သီးပတ်တာပတ်နှင့် ဘောလုံးဂိုးကျင်းတွင် ဆုရရှိသူများ၊ မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

## တနင်္သာရီတိုင်းဒေသကြီးတွင် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၃**

ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး၊ အားကစားလေ့ကျင့်သည့် အလေ့အကျင့်ကောင်းများ ရှိလာစေရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ကိုယ်လက်ကြံ့ခိုင်ရန် ပါဝင်ဆင်နွှဲရေးတို့အတွက်တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ (ပထမ) အပတ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြပြီး ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထို့နောက် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများက ရွှေဝယ်သီရိ အားကစားကွင်းအတွင်း ဝိုင်းပတ်၍ တစ်မိုင်ခွဲ စုပေါင်းလမ်းလျှောက်ခဲ့ကြကာ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ (၁) ကို စုပေါင်းပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများတွင် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ပါဝင်ယှဉ်ပြိုင်သော မသန်စွမ်းအားကစားသမား ၂၁ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၃၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## မုံရွာမြို့တွင် လူထုလမ်းလျှောက်ပွဲ အင်အား ၃၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**မုံရွာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဒီဇင်ဘာ ၃ ရက် ပထမအပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီခွဲက မုံရွာမြို့ ပြည်သူ့အားကစားကွင်းရှေ့၌ ကျင်းပခဲ့ရာ စုပေါင်းလမ်းလျှောက်သူအင်အား ၃၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

စုပေါင်း လမ်းလျှောက်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

မုံရွာမြို့ ပြည်သူ့အားကစားကွင်း စုရပ်နေရာမှစတင်ကာ ဗိုလ်ချုပ်လမ်းတစ်လျှောက် ကန်သာယာ၊ ရာပြည့်ကပ်ကျော်စေတီတော်မုခ်ဦးအထိ၊ ထိုမှတစ်ဖန် ပြည်သူ့အားကစားကွင်းသို့ သတ်မှတ်ထားသောလမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီးနောက် ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်လေ့ကျင့်ခန်းအမှတ်စဉ် ၁၊ အမှတ်စဉ် ၂ သရုပ်ပြမှုနှင့်အတူ သွေးပူလေ့ကျင့်ခန်းအားကစား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား စက်ဘီး၊ တီဗွီအပါအဝင် ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိသည့် ဆုမဲပေါင်း ၁၀၀ ကျော်ကို ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပဲခူးမြို့တွင် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့တွင် ကျင်းပသည့် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနကကျင်းပသည့် ဒီဇင်ဘာလ (ပထမအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ပြီး ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့မှစတင်၍ တောင်ငူလမ်း၊ ရှင်စောပုလမ်း၊ ရွှေမော်ဓောဘုရားလမ်း၊ ဟင်္သာလမ်းနှင့် ဟံသာဝတီယူနိုတ်တက် ဘောလုံးကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၅၀၀၀ ခန့် တက်ရောက်ကြပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများအား ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုများက ကောက်ညှင်းပေါင်း၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ မကွေးတိုင်းဒေသကြီးတွင်ကျင်းပ

**မကွေး ဒီဇင်ဘာ ၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မကွေးသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများနှင့် အားကစားစိတ်ဝင်စားသည့်ပြည်သူများက ပါဝင်ဆင်နွှဲခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲစုရပ်ဖြစ်သည့် မကွေးခရိုင် အားကစားကွင်းအနီးရှိ လမ်းငါးသွယ် အဝိုင်းပတ်လမ်းမှ စတင်ပြီး ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ခရိုင်အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မကွေးခရိုင် အားကစားကွင်းအတွင်း၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ခဲ့ကြသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က မကွေးခရိုင်အားကစားကွင်း၌ ဇလာမပါ ကံစမ်းမဲများကို တပျော်တပါး မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မသိသေးသူများ သိစေချင်သောစာအုပ်များ

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

ယခင်ကတော့ စစ်မှုရေးရာအတွေ့အကြုံများကို သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ စစ်ပြန်၊ ပေဖူးလွှာ၊ နဝဒေး စသောမဂ္ဂဇင်းများတွင် ရေးလေ့ရှိကြသည်။ ဂျာနယ်များ ထွက်ပေါ်လာသောအခါ ပြည်သူ့ကြယ်၊ မြဝတီ စသည့်ဂျာနယ်များတွင် မျှဝေရေးသားခဲ့ကြသည်။ လုံးချင်းရေး၍ ထုတ်ဝေခဲ့သူတွေလည်း ရှိခဲ့ပေသည်။

ဝတ္ထုတို၊ ဝတ္ထုရှည် ဖန်တီးမှုရသစာပေ(Fiction) ရေးကြသလို ဆောင်းပါး၊ မှတ်တမ်း၊ သုတေသန၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ စသည့်ဖြစ်ရပ်မှန်(Non–Fiction)စာပေမျိုးတွေ ရေးကြသူများလည်း ရှိခဲ့ကြပါသည်။ စိတ်ထဲပေါ်လာသော နှစ်ဆယ်ရာစုထဲမှ ကလောင်အမည်များမှာ စာဖတ်သူလည်း ကြားဖူး၊ ဖတ်ဖူးခဲ့မည်ထင်ပါသည်။ ရောင်နီ၊ ဗိုလ်မြင့်၊ တပ်ကြပ်ကြီးမောင်ကို၊ တပ်မတော်မင်းရဲထွန်း၊ တင်သန်းဦး၊ သောင်းဝေဦး စသည်။

မြလှိုင်၊ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊ ဗိုလ်မှူးဗလ(ရဲဘော်သုံးကျိပ်)၊ ရွှေကူ (ဗိုလ်မင်းခေါင်)၊ ဗိုလ်သံဒိုင်၊ ဗိုလ်ဉာဏ်မောင်၊ ယိမ်းနွဲ့ပါး/မှူးသမိန် (ဗိုလ်မှူးကြီး စောမြင့်)၊ ရန်ကုန်ဘဆွေ၊ မြတ်ထန် (ဗိုလ်မှူးကြီးတင်မောင်)၊ သိပ္ပံမှူးတင်၊ သခင်အောင်ကြီး(ဗိုလ်မှူးချုပ်အောင်ကြီး)၊ စန်းသမိန်၊ ဗိုလ်မှူးချုပ်သန်းတင်၊ ဗိုလ်မှူးချုပ်တင့်ဆွေ၊ နောင်စစ်သည် (ဗိုလ်ချုပ်ကြီးချစ်ဆွေ)၊ ဗိုလ်ထွန်းကြည်(မုံရွာ) (ဗိုလ်ချုပ်ကြီးထွန်းကြည်)၊ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်မှူးကြီးကိုလေး၊ ဗိုလ်ချုပ်အေးစံ၊ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗိုလ်မှူးကြီးကြည်မောင်၊ ဗိုလ်ချုပ်ကြီးသိန်းစိန် စသည့်နာမည်မခံဘဲ ဗိုလ်မှူးကြီးမောင်မောင်ဦး(တင်သန်းဦး)၊ ဗိုလ်မှူးကြီးစန်းပွင့်၊ ဗိုလ်မှူးကြီးသန်းထွန်း၊ ကြည်အောင်(ကေတုမတီ)၊ ဗိုလ်ချုပ်ခင်အောင်မြင့်(မျိုးသာခင်)၊ မြင်းမူမောင်နိုင်မိုး စသည်စသည် ရှိခဲ့ကြပါသည်။

**ထုတ်ဝေ**

အချို့စာအုပ်များသည် စာဖတ်သူတို့၏ တစ်ခဲနက်အားပေးဖတ်ရှုခြင်းကို ခံရသည်။ အကြိမ်ကြိမ်ပင် ထပ်မံပုံနှိပ်ထုတ်ဝေရသည်။ စာဖတ်ပရိသတ်များကြားမှာ ကျယ်ပြန့်ထိရောက်စွာ ထိုးဖောက်ပျံ့နှံ့သွားကြသည်။ အချို့စာအုပ်များမှာမူ ကောင်းပင်ကောင်းသော်ငြားလည်း၊ စစ်မှုရေးရာသင်ခန်းစာနှင့် အကျိုးရှိမည့် ဗဟုသုတများပါဝင်သော်ငြားလည်း ကြော်ငြာအားနှင့် ဖြန့်ချိပုံအားနည်းချက်ရှိခြင်းကြောင့် ပျံ့သင့်သလောက်မပျံ့၊ လူသိနည်းပါးခဲ့၏။

တိုက်ပွဲဝင် တပ်မှူးများရေးသားကြသော **"ကိုယ်တိုင်တိုက်ကိုယ်တိုင်ရေးတိုက်ပွဲများ"** စာအုပ်များသည် ဝတ္ထုဇာတ်လမ်းမပါသည့် ကိုယ်တွေ့စစ်မှတ်တမ်းများ (Non–Fiction) အကြောင်းအရာကောင်းတွေ ဖြစ်ကြပေသည်။ ယခင်က ၁၀ အုပ်၊ (၁၀တွဲ) ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သော်လည်း အမှန်တကယ် လူသိများသင့်သလောက် မပျံ့နှံ့ခဲ့ပေ။ ဤစာအုပ်များသည် အသက်နှင့်သွေးနှင့်ရေးသော တိုက်ပွဲအတွေ့အကြုံမှတ်တမ်းများဖြစ်သဖြင့် ပတ္တမြားစင်စစ်ကေန်ဖြစ်ပါလျက် ရွှံ့နွံတောဝယ်နစ်ခဲ့သည့်သဖွယ်မြင်ရသည်။ ကျယ်ကျယ်ပြန့်ပြန့်မဖြန့်ချိနိုင်ခဲ့ပေ။ ကောဒသမတွဲ ဤ(၁၁)အုပ်မြောက် စာအုပ်ကို ဖတ်ရပြန်သောအခါ၌မူ မိမိမနေနိုင်တော့ပြီ။ မိတ်ဆက်သဖွယ် ဤဆောင်းပါးဖြင့် ချစ်စွာသော စာဖတ်သူသို့ ကောင်းသတင်းကို မောင်းထု၍ဖော်ပြပါရစေ။

ဤကဲ့သို့သော စာအုပ်မျိုးသည် စစ်ဗိုလ်စစ်သားမှသာ ဖတ်ရှုရန်မဟုတ်ဘဲ သာမန်အရပ်သူအရပ်သားများလည်း ဗဟုသုတအသိအမြင်ရရှိနိုင်သော မိမိတို့တပ်မတော်သားများ ရှေ့တန်းစစ်မြေပြင်ဝယ် မည်ကဲ့သို့လှုပ်ရှား၍ မည်မျှရဲဝံ့စွန့်စားကြိုးစားတိုက်ခိုက်ခဲ့ကြပုံကို ဖတ်သင့်၊ မြင်သင့်၊ သိသင့်ကြသည် မဟုတ်ပါလား။







**စစ်၏သဘော**

"စစ်ဆိုလျှင် ငါတို့ကတော့ ရေစစ်တောင်မသုံးဘူးကွာ။ မမြင်ချင်ဘူး"ဟု စစ်ကိုရွံရှာစိတ်နာမုန်းတီးနေသူအချို့၏ စကားသံမျိုးကို နားနှင့်ဆက်ဆက် မိမိကြားခဲ့ဖူးပါ၏။ ဘာမျှ ချေပပြောဆို မပြုလို။

စစ်ဆိုသည်မှာ မုန်းစရာ အမှန်ပါ။

စစ်ကလူတွေကို သေကျေပျက်စီးစေသည်။

စစ်ကနေစရာအိုးအိမ်၊ ပစ္စည်းဥစ္စာအရာရာကို ပြာပုံဖြစ်အောင်ဖျက်ဆီးကာ လောင်မီးကျစေသည်။ သင်၏လက်ကိုင်ဖုန်းထဲက ရှိနေသော ယူကျူချန်နယ်မှာ ရုရှား–ယူကရိန်းစစ်ပွဲအကြောင်းရှာ၍ ကြည့်လိုက်စေလိုပါသည်။

စစ်ဟူသောအရာက မည်မျှကြမ်းတမ်းခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်လှသည်ကို ကိုယ်တွေ့မျက်မြင် ကြားရ တွေ့ရမည်။ မီးတောက်မီးလျှံများ တဝုန်းဝုန်းပေါက်ကွဲဖျက်ဆီးနေကြပုံ စစ်အနိဋ္ဌာရုံအတွေ့အကြုံကို မြင်ရပါမည်။

ယခုခေတ်မှ (AI)ခေတ်မီလက်နက်မျိုးစုံဖြင့် လူတွေသေကျေပျက်စီးအောင် တိုက်ခိုက်နေသည်မဟုတ်။ ဆင်တွေ၊ မြင်းတွေ၊ ဓားတွေ၊ လှံတွေ၊ လေးမြားတွေနှင့်ခေတ်ကလည်း ရက်စက်ကြသည်သာ။

နိုင်ငံတကာအရင်းရှင်နယ်ချဲ့နိုင်ငံကြီးအချို့က မွှေနှောက်ဖျက်ဆီးသဖြင့် အီရန်၊ အီရတ်၊ လစ်ဗျား၊ ဗီယက်နမ်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ ကိုရီးယားစသည့် စစ်အေးတိုက်ပွဲကာလမြေစာပင်နိုင်ငံ၊ လူမျိုးဒေသခံတို့ အတိဒုက္ခရောက်ခဲ့ကြပုံများမှာ အမှန်ပင်ထိတ်လန့်အံ့သြစရာ။

ဆိုဗီယက်ပြည်ထောင်စုထဲမှာ အေးအေးလူလူ ဖွံ့ဖြိုးတိုးတက်လာခဲ့သော ယူကရိန်း ပြည်နယ်က (သမ္မတခရုးရှက်၏ ဇာတိလူမျိုးဖြစ်၍ သိသိသာသာ တိုးတက်အောင် ပျိုးထောင်မြှင့်တင်ပေးခဲ့သဖြင့် လူနေမှုအတော်မြင့်မားစွာ ချောင်လည်ခဲ့ပါသည်။) ရုရှားနိုင်ငံနှာခေါင်းရှေ့မှာနေပြီး အမေရိကန်ဦးဆောင်သော နေတိုးအဖွဲ့စစ်မဟာမိတ်အုပ်စုထဲ ဝင်မည်ဝင်မည်တကဲကဲ (ထိုသို့အဖွဲ့ဝင်ဖြစ်ပါက ရုရှားခြံစည်းရိုးကပ်လျက် အမေရိကန်စစ်စခန်းလာချ၍ ရသွားမည့်) အခြေအနေတွင် ရုရှားသမ္မတက မျက်စိမှိတ်နေ၍ မရတော့ချေ။ အီးယူဥရောပသမဂ္ဂဝင်ချင်ဝင်ပါ။ စစ်အုပ်စုဝင်လို့တော့ မဖြစ်နိုင်ပါဆိုနေသည့်ကြားက တားမရဖြစ်နေသဖြင့် ရုရှားနှင့် ယူကရိန်း ညီအစ်ကိုချင်းစစ်ခင်းနေကြသည်။ အမေရိကန်နှင့် အင်္ဂလိပ်တို့က လက်နက်ခဲယမ်းထောက်ပံ့သည်။ (လက်နက်အကြွေးရောင်းခြင်း၊ အခမဲ့မဟုတ် ကြွေးတင်ကျွန်ဖြစ်၊ နှံ့နစ်မည့်ကိန်း)၊ ယူကရိန်းပြည်သူတွေမှာ မီးမှောင်ကျ၊ ရေမရ၊ မီးမရ၊ စားစရာမရှိ၊ နေစရာမရှိ။ နယ်ချဲ့ကမီးမွှေး၊ မြှောက်ပေး၊ ကျည်ဆန်ရောင်းပေး။ ဘယ်သူမှန်သည် ဘယ်သူမှားသည်ဟူ၍ မဝေဖန်လိုပေ။ နိုင်သူကသာ သူမှန်သည်ဟု သမိုင်းတင်ပါလိမ့်မည်။

**သင်ခန်းစာ**

စစ်အကြောင်းကိုတော့ ချစ်ချစ်မုန်းမုန်းမြန်မာပြည်သူတိုင်းသိအပ်ပါသည်။ ကြောက်စရာကောင်းသောစစ်မီးကို စတင်မမွှေးရပါ။ စစ်သည်တားမရ ဆီးမရ လောင်ကျွမ်းတတ်ပါ၏။ စစ်ကိုဝေးဝေးကတားဆီးကြရပါသည်။ ဖြစ်လာလျှင်လည်း မြန်မြန်ငြိမ်းအောင် ဆွေးနွေးညှိနှိုင်းခြင်းသာ အကျိုးရှိပါသည်။ စစ်ပွဲရေရှည်ကြာညောင်းလေလေ ပြည်သူနစ်နာဆင်းရဲရလေလေ။ စစ်ဆိုသည်မှာ နိုင်မှတိုက်ရပေသည်။ တိုက်ပြီးဆိုလည်း သေချာပေါက် နိုင်အောင်တိုက်ရလေသည်။

၁၉၆၆ ခုနှစ်က **"အလင်းရောင်စစ်ဆင်ရေး"**မှာ ဒုဗိုလ်စိန်ဝင်းအောင် ဗိုလ်ဖြစ်စပါဝင်တိုက်ခိုက်ခဲ့ရ၏။ ဗကပတို့လက်အောက် နှစ်ပေါင်းများစွာ ကျရောက်ခဲ့ရသော ပဲခူးရိုးမတစ်ဝန်းက ကျေးရွာများကို အလင်းရောင်ပေးရန်ဖြစ်လေသည်။ စစ်ကြောင်းကြီး ငါးကြောင်းပါဝင်သည်–

**၁။ စစ်ရေးစစ်ကြောင်း။** ။ တပ်မတော်ကရှင်းလင်း

**၂။ နိုင်ငံရေးစစ်ကြောင်း။** ။ ပါတီက စည်းရုံး

**၃။ စီးပွားရေးစစ်ကြောင်း။** ။ အစိုးရဌာနဆိုင်ရာက ဖြည့်စွမ်းထောက်ပံ့

**၄။ လူမှုရေးစစ်ကြောင်း။** ။ ဆရာဝန်၊သူနာပြု၊လူမှုရေးပညာရေးများစောင့်ရှောက်ပေး

**၅။ ပြည်သူ့ရေးရာ။ စစ်ကြောင်း** ။ သန်းခေါင်စာရင်း၊ စစ်တမ်းကောက်

ယနေ့ ပြည်ထောင်စုနယ်မြေဟူ၍ နေပြည်တော်တည်ဆောက်ထားသောနေရာတစ်ဝိုက်ရှိ လယ်ဝေး၊ ပျဉ်းမနား၊ တောင်ညိုဒေသတောတောင်အားလုံးမှာ ထိုစဉ်အခါက ဗကပသခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်တို့၏ ဗဟိုဌာနချုပ် စိုးမိုးအခြေပြုခဲ့သော ခိုအောင်းခဲ့ကြသည့် နေရာတွေပဲမဟုတ်လား၊ အလင်းရောင် စစ်ဆင်ရေးဖြင့် လင်းစေခဲ့ပြီ။

**စာမျက်နှာ ၁၁ သို့**

> **နယ်မြေရှင်းလင်းချေမှုန်းရေးကို တပ်မတော်က ထိုခေတ်မော်စီတုံး အတွေးအခေါ်တပ်ဆင်ထားသော သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲ၊ ရဲရဲတောက်ဗကပတပ်များကို အောင်မြင်စွာတိုက်ခိုက်ကြရခြင်းဖြစ်သည်။ ပဲခူးရိုးမ ချုပ်ငြိမ်းတော့မည့်အခြေအနေ ရောက်လာသောအခါ ပြည်ပမှကြိုးကိုင်ခြယ်လှယ်သူသည် နယ်စပ်စခန်းငယ်များကို ဝင်တိုက်ကာ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ နှစ်ပေါင်း ၂၀ ကြာမျှ လူသူ၊ လက်နက်၊ ခဲယမ်း၊ အဆက်အသွယ်၊ အထောက်အပံ့ (လေယာဉ်ပျံ မှလွဲ၍) ဘာမဆိုလိုလေသေးမရှိ ပြည်ပမှထောက်ပံ့ခဲ့သော်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်နှင့်သွေး ပေးဆက်တာဝန်ထမ်းသော တပ်မတော်က မဖြစ်မနေကာကွယ်နိုင်ခဲ့**

# စစ်တက္ကသိုလ်၏ (၆၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ်၏ (၆၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ် ဇော်မင်းလတ်၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သိန်းလွင်နှင့် စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၅၅ ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၇ ဦး၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ကိုးဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၀၆ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၈၁ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၇၉ ဦး စုစုပေါင်း ၄၄၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု (၆၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃၅၁၂ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# MITV News Studio ဆက်တင်ဒီဇိုင်းဆန်းသစ်မှုဖြင့် စတင်ရိုက်ကူးထုတ်လွှင့်

ရန်ကုန် ဒီဇင်ဘာ ၃

MITV News Studio ဆက်တင်ဒီဇိုင်းဆန်းသစ်မှုဖြင့် စတင်ရိုက်ကူးထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MITV News Studio ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ MD ဦးမင်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MITV News Studio ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ MITV News Studio ဆက်တင်ဒီဇိုင်း ဆန်းသစ်တည်ဆောက်မှုကို ဦးရဲနိုင်နှင့် MD ဦးမင်းမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နောက်ခံဆက်တင်ဒီဇိုင်းအသစ်ဖြင့် စတင်အသုံးပြုနိုင်ရန် Smart TV မျက်နှာပြင်အား Touch ပြုလုပ်၍ ဖွင့်လှစ်ပေးသည်။



ထို့နောက် MITV News Studio ဆန်းသစ်တည်ဆောက်မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြပြီး သတင်းစတင်ရိုက်ကူးမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် MITV News Studio ဆန်းသစ်တည်ဆောက်ပြီး စတင်ရိုက်ကူးထုတ်လွှင့်နိုင်မှု အထိမ်းအမှတ်အဖြစ် MITV အမှတ်တံဆိပ်ပါ အမှတ်တရလက်ဆောင်အား MD ဦးမင်းမင်းက ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ ပေးအပ်သည်။

Myanmar International TV Channel (MITV) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့သည် ၂၀၁၀ ပြည့်နှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာမှ ယခုအခါ MITV News Studio နောက်ခံဆက်တင်ဒီဇိုင်းဆန်းသစ်တည်ဆောက်ခြင်းကို ရွှေသံလွင်ကုမ္ပဏီက ထိုင်းနိုင်ငံမှ ဂရပ်ဖစ်ပညာရှင်ထံ အပ်နှံရေးဆွဲကာ ငွေကျပ်သိန်း ၁၀၀ ခန့် အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

MITV Channel သည် မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်နေသည့် တစ်ခုတည်းသော Channel ဖြစ်ပြီး အစီအစဉ်ကောင်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာသတင်းများကို နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ ၂၄ နာရီအတွင်း သုံးကြိမ် သတင်း update ပြုလုပ်၍ ပုံမှန်ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ ပြန်လည်ပေးဆပ်ခြင်းနှင့် ပြန်လည်ထုတ်ချေး

မင်းဘူး ဒီဇင်ဘာ ၃

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သိမ်ကုန်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သိမ်ကုန်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ)လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းလုပ်ငန်းသို့ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး/မြို့နယ်မြစိမ်းရောင်(ငါးကဏ္ဍ)ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းကိုကိုထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက သတ္တမအကြိမ် ငွေကျပ် ၄၆၃ သိန်း ပြန်လည်ပေးဆပ်ခြင်းနှင့် အဋ္ဌမအကြိမ် လည်ပတ်ရန်ပုံငွေကျပ် ၄၈၉ သိန်းကို အသင်းသား အသင်းသူ ၁၃၃ ဦးသို့ ပြန်လည်ထုတ်ချေးခြင်းကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၁၀ မှ

**အတွေ့အကြုံ**

နယ်မြေရှင်းလင်းချေမှုန်းရေးကို တပ်မတော်က ထိုခေတ်မော်စီတုံးအတွေးအခေါ် တပ်ဆင်ထားသော သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲ၊ ရဲရဲတောက်ဗကပတပ်များကို အောင်မြင်စွာတိုက်ခိုက်ကြရခြင်းဖြစ်သည်။ ပဲခူးရိုးမ ချုပ်ငြိမ်းတော့မည့်အခြေအနေ ရောက်လာသောအခါ ပြည်ပမှကြိုးကိုင်ခြယ်လှယ်သူသည် နယ်စပ်စခန်းငယ်များကို ဝင်တိုက်ကာ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ နှစ်ပေါင်း ၂၀ ကြာမျှ လူသူ၊ လက်နက်၊ ခဲယမ်း၊ အဆက်အသွယ်၊ အထောက်အပံ့ (လေယာဉ်ပျံမှလွဲ၍) ဘာမဆို လိုလေသေးမရှိ ပြည်ပမှထောက်ပံ့ခဲ့သော်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အသက်နှင့်သွေးပေးဆက်တာဝန်ထမ်းသော တပ်မတော်က မဖြစ်မနေကာကွယ်နိုင်ခဲ့ပေသည်။

**“ပြည်သာယာစစ်ဆင်ရေး”**ဆိုပြီး သောင်းကျန်းသူလက်အောက်မှ မြစ်ဝကျွန်းပေါ်၊ ရောဝတီတိုင်း၊ ပဲခူးတိုင်း စသည်တို့ကို သောင်းကျန်းသူရန်သူကုန်စင်သွားအောင် ချေမှုန်းရှင်းလင်းခဲ့ကြသည်။ “လူဆိုကျင်း၊ လှည်းဆိုထင်း၊ နွားဆိုဟင်း” ဆောင်ပုဒ်ဖြင့် ဗကပတပ်များက ကျေးလက်နေပြည်သူတို့ကို သတ်ဖြတ်နှိပ်စက်၊ လုယက်၊ မီးရှို့နေကြစဉ် တပ်မတော်က “ရိက္ခာဖြတ်၊ ဆက်ကြေးဖြတ်၊ သတင်းဖြတ်၊ လက်နက်ခဲယမ်းနှင့် အဆက်အသွယ်ဖြတ်”ဟူသော ဖြတ်လေးဖြတ်ဖြင့် ပိတ်ဆို့ချေမှုန်းလိုက်ကြသည်။

ဗိုလ်မှူးချုပ် ရန်သိမ်း ဒုဗိုလ်ဘဝက ဗကပဗဟိုကော်မတီဝင် ရဲဘော်မြကို လက်ရဖမ်းမိခဲ့ပုံကိုလည်း ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ဖြစ်ရပ် စုံထောက်ဝတ္ထုဖတ်ရသကဲ့သို့ ရသခံစားစေပါ၏။

ဗိုလ်မှူးကြီး စိန်တင်ဝင်း၏ ကိုယ်တွေ့တိုက်ပွဲများကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ စာရေးသူအကြိုက်ဆုံးအပိုင်းကတော့ ၃၈ နှစ်ကြာ အင်းဝနှင့် ဥဿာပဲခူး မကြာခဏ အင်အားချင်းပြိုင်ကာ သူနိုင်ကိုယ်နိုင် စစ်တိုက်နေကြသော်လည်း အပြန်အလှန်လေးစားသည်။ အပြန်အလှန်ထောက်ထားသည်။ နှမတော်၊ သမီးတော်များ လက်ဆောင်ဆက်သကာ ရွှေလမ်းငွေလမ်းဖောက်၍ ဆွေးမျိုးတော်ကြသည်။ သူရဲကောင်းများကို မခွဲမခြားချီးမြှောက်သည်။ သူရဲကောင်းအဲမွန်ဒယာ၊ သူရဲကောင်း သမိန်ဗရမ်းတို့ဖြစ်စဉ်များက အထင်အရှားပင်၊ ပေါ်လွင်သည်။

တိုင်းရင်းသားချင်း၊ ညီအစ်ကိုချင်း ရန်ဖြစ်သလောက်သာ သဘောထားကြသည်။ အမုန်းမကြီး။

မိမိတို့ချင်း တစ်ဖက်နှင့်တစ်ဖက် လုံးဝဥဿုံပျက်သုန်းရေးကို မကြံစည်၊ မရည်ရွယ်၊ ဦးတည်ချက်မရှိခဲ့ပေ။ သူရဲကောင်းချင်း လက်ရုံးရည် နှလုံးရည် အစွမ်းပြပြိုင်ဆိုင်ကြရသည်ကိုပဲ ဂုဏ်ယူကြသည်။ လူမျိုးရေးရန်ငြိုးရန်စမထား။ ရှေးကမြန်မာ(ဗမာ+မွန်) ခေါင်းဆောင်များ၏ သဘောထားကြီးပုံ၊ ဉာဏ်အမြော်အမြင် ပြည့်ဝကြပုံကို တွေ့ကြရပါသည်။

**ရာဇဝင်တွင်**

လားရှိုးမြို့အထိ ထိုးဖောက်ဝိုင်းရံလာသော ဗကပတပ်ရင်းကြီး (၃၀၃၃)အင်အား ၁၅၀၀ ကျော်ကို ခလရ(၅)စစ်ကြောင်း အင်အား ၁၅၀ လောက်က စစ်ပရိယာယ်ကြွယ်ဝစွာဖြင့် ရဲရင့်ဝံ့စားစွာ ရင်ဆိုင်တိုက်ခိုက်ချေမှုန်းလိုက်သဖြင့် ရန်သူ ၄၉ ဦးကျ၊ လက်နက် ၁၇ လက်ရ၊ လူနာနှင့် အလောင်း ၃၀၀ ကျော် သယ်ယူပြီး ဆုတ်ခွာထွက်ပြေး။ တပ်ပြေးတွေများကာ လူ ၁၀၀၀ ကျော်လျော့သဖြင့် (၇၅၁၀)စီမံကိန်းခေါ် မန္တလေးကိုသိမ်းပြီး အထက်ဗမာပြည်လုပ်ရန် စီမံချက်သည် သဲထဲရေသွန် ပျောက်ကွယ်ကျရှုံးသွားခဲ့ရလေသည်။ ထို **“ပန်ကျုံတိုက်ပွဲ”**မှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲခဲ့သူ ထိုစဉ်က ဗိုလ်ဘဝ။ သူရဦးသောင်းလွင် (မီးရထားဒုဝန်ကြီး-ငြိမ်း)၏ အတွေ့အကြုံကလည်း မော်ကွန်းထိုးစရာပင်။ ဤပုဂ္ဂိုလ် ၁၁ ဦး၏အတွေ့အကြုံ ၁၁ ပုဒ်ကို စိတ်ဝင်စားဖွယ်လေ့လာနိုင်ပါမည်-

၁။ ဗိုလ်မှူးချုပ် ရန်သိမ်း(မန်းမြို့တော်ဝန်-ငြိမ်း)
၂။ ဗိုလ်မှူးကြီး စိန်ဝင်းအောင်(သံအမတ်ကြီး-ငြိမ်း)
၃။ ရဲမှူးချုပ် မောင်မောင်သန်း
၄။ ဗိုလ်မှူးကြီး စိန်တင်ဝင်း
၅။ ဗိုလ်မှူးကြီး ကိုကိုကျော်(စစ်နွေ)
၆။ ဗိုလ်မှူး သူရသောင်းလွင်
၇။ ဒုမှူးကြီး မြင့်ဆွေ
၈။ ဒုမှူးကြီး မြင့်ကျော်
၉။ ဒုမှူးကြီး ညီပု
၁၀။ ဒုမှူးကြီး တင်မြင့်
၁၁။ ဒုမှူးကြီး စောလှထွန်း

**နိဂုံး**

ယနေ့ခေတ်လူငယ်များသည် အဘိုးတို့ အဖေတို့ခေတ်က နိုင်ငံတော်အတွက် သွေးအသက်ကို ပေးဆက်လျက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ခိုင်မာတည်တံ့အောင် မည်သို့ကာကွယ်ခဲ့ကြပါသလဲဟု ဖတ်ရှုသိမြင် နားလည်ကြစေချင်ပါသည်။

ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေးတိုက်ပွဲများ အမှတ်(၁၁)သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှာ ထုတ်ဝေပါသည်။ ရေးသူပုဂ္ဂိုလ် ၁၁ ဦးကို မိမိသိကျွမ်းခင်မင်ပါသည်။ မထောင်မလွား၊ အပိုမပါ၊ မဝါမကြွား ရိုးသားစွာရေးသားထားကြ၍ လေးစားထိုက်သူများ အမှန်ပင်ဖြစ်ပေသည်။ ကျေးဇူးတင်စွာ ဂုဏ်ပြုအပ်ပါသည်။ ဖတ်ဖြစ်အောင် ဖတ်ကြည့်ပါရန် မေတ္တာရပ်ခံတိုက်တွန်းပါရစေ။ ။

# စိုက်ပျိုးစွမ်းအားပြည်ထွန်းကားဆိုတဲ့ဆောင်ပုဒ်နဲ့အညီ တောင်သူတွေစပါးအထွက်နှုန်းကောင်းမွန်ခြင်းဟာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရဲ့ လင်းရောင်ခြည်တစ်ခုဖြစ်တာကြောင့် တစ်ဧက တင်း ၁၃၀ ကျော်ထွက်ရှိမှုအပေါ် တောင်သူတွေထက်ပိုပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။

ဦးစောဝင်း

၂၀၂၂-၂၀၂၃ ခုနှစ် လယ်ဝေးမြို့နယ် မိုးစပါးစံပြစိုက်ခင်း၊ စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၃)တွင် ကျင်းပခဲ့သည်။ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့်လယ်ယာစနစ်ကို ဖော်ဆောင်မှုဖြင့် တစ်ဧကစပါးတင်း ၁၃၀ ကျော် ထွက်ရှိခဲ့ခြင်းကြောင့် အဆင့်မြင့်လယ်ယာစနစ်၏ အောင်မြင်မှုလင်းရောင်ခြည် ထွန်းလင်းတောက်ပလာမှုအပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးတောင်သူများ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။


ဦးစောဝင်း


ဒေါ်ခင်မိုးဆင့်



ဦးတင်အောင်မိုး


ဦးညဏ်ဝင်းထွန်း


ဦးတင်ငွေ

**ဦးစောဝင်း (လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး)**

ကျွန်တော်တို့ နေပြည်တော် လေဆိပ်သွားလမ်းမကြီးဘေးမှာ အဆင့်မြင့်လယ်ယာ မြေဧက ၂၀၀ ဖော်ထုတ်နေတာရှိပါတယ်။ အခုနှစ် မိုးစပါးအတွက် ဧက ၁၀၀ ကို စိုက်ပျိုးတဲ့နေရာမှာ တစ်ဧကကို တင်း ၁၀၀ နှုန်း ပျမ်းမျှ ထွက်ရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စပါးမျိုးကတော့ ဆင်းသုခမျိုးကို စိုက်ပျိုးခဲ့ပြီးတော့ တောင်သူ ၂၅ ဦးနဲ့ ဆောင်ရွက်ခဲ့တဲ့ စံပြစိုက်ကွက်ဖြစ်ပါတယ်။ မိုးစပါး တစ်ဧကကို တင်း ၁၀၀ နှုန်း ပျမ်းမျှ ထွက်ဖို့ လုပ်ဆောင်တဲ့နေရာမှာ ပထမဆုံးစိုက်ပျိုးဆောင်ရွက်ရမယ့်နေရာ၊ အကွက်အကွင်းနေရာနဲ့ ဆည်ရေသောက်ဧရိယာ၊ ရေသွင်းရေထုတ် လွယ်ကူတဲ့နေရာ၊ သွားရေးလာရေး လွယ်ကူမယ့်နေရာနဲ့ စံပြကွက်ကို လာရောက်လေ့လာချင်သူများလည်း အလွယ်တကူ သွားလာနိုင်မယ့်နေရာတွေကို ရွေးချယ်ရပါတယ်။ မြေပြင်တာ၊ မျိုးစေ့ရွေးချယ်တာ စတာတွေကို ဆောင်ရွက်ခဲ့တဲ့အပြင် သွင်းအားစုထောက်ပံ့ခြင်းနဲ့ စိုက်စနစ်တွေမှန်ကန်ဖို့ကိုလည်း ဆောင်ရွက်ပါတယ်။ အပင်ပြုစုခြင်းလုပ်ငန်းဆိုရင် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဓာတ်မြေဩဇာတွေကျွေးတယ်။ ဒါ့အပြင် ပိုးမွှားကင်းထောက်ခြင်းလုပ်ငန်းနဲ့ အချိန်အခါအလိုက် ပိုးမွှားကျရောက်တတ်တဲ့ ရောဂါတွေကင်းရှင်းအောင် စိုက်ပျိုးရေးဝန်ထမ်းတွေက အပတ်စဉ်အလိုက် ဆောင်ရွက်ပါတယ်။

ဒီနေ့မှာဆိုရင် စံကွက်ရိတ်သိမ်းပွဲကို ထွက်နှုန်းကောင်းကောင်းနဲ့ လုပ်ဆောင်နိုင်ခဲ့တာကြောင့် တောင်သူတွေအတွက် အကျိုးအမြတ်များစွာ ရရှိခဲ့ကြပါတယ်။ စနစ်တကျ စိုက်ပျိုးတဲ့အတွက် တစ်ဧက တင်း ၁၀၀ ဆိုရင် ကာလပေါက်ဈေးနဲ့ ငွေကျပ် ၁၂ သိန်း၅ သောင်းနီးပါး ရှိပါတယ်။ ကုန်ကျစရိတ် ငါးသိန်းရှစ်သောင်းခန့်ရှိတဲ့အတွက် တောင်သူတွေအနေနဲ့ အများကြီး အကျိုးဖြစ်ထွန်းစေပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ညီနောင်ဌာနတွေဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနဲ့ပူးပေါင်းပြီး တောင်သူတွေကို ဆက်လက်ပြီး နည်းပညာဝန်ဆောင်မှုတွေပေးဖို့ အသင့်ရှိနေပါတယ်။ နိုင်ငံအတွက်ဆန်စပါးစိုက်ပျိုးမှုဟာ အဓိကအခြေခံအဆောက်အအုံဖြစ်တာကြောင့် နည်းစနစ်မှန်စွာ စိုက်ပျိုးမှုရဲ့ အကျိုးကျေးဇူးကို တောင်သူတွေ ခံစားရရှိမှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကားဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တောင်သူများ စပါးထွက်နှုန်းကောင်းမွန်ခြင်းဟာ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုရဲ့ လင်းရောင်ခြည်တစ်ခု ဖြစ်တာကြောင့် တစ်ဧက တင်း ၁၃၀ ကျော် ထွက်ရှိမှုအပေါ် တောင်သူတွေထက်ပိုပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဒေါ်ခင်မိုးဆင့် (လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး )**

ကျွန်မတို့ စံပြကွက်ကို အကောင်အထည်ဖော်ဖို့ ရှေ့နှစ်ရာသီထဲက တောင်သူတွေနဲ့ ဆွေးနွေးပြီး မြေနေရာရွေးခဲ့ပါတယ်။ တောင်သူကလည်း ရွေးတယ်။ တောင်သူတွေထဲမှာ စိတ်ပါဝင်စားတဲ့သူကို ရွေးခဲ့တယ်။ ပြကွင်းပြကွက် လုပ်တာဖြစ်တဲ့အတွက် နေရာနဲ့ တောင်သူကို အဓိကရွေးချယ်ရတာ ဖြစ်ပါတယ်။ စိုက်ပျိုးတော့မယ်ဆိုရင် မျိုးစေ့ကို ဘယ်လိုသုံးမလဲ၊ မစိုက်ခင်မှာ ပြင်ဆင်ခဲ့တယ်။ မျိုးစေ့တွေ စုဆောင်းပြီး တောင်သူတွေနဲ့ ဆွေးနွေးပွဲကို အကြိမ်ကြိမ်ပြုလုပ်ပြီးတော့ နည်းပညာတွေပေးခဲ့တယ်။ ပျိုးထောင်စနစ်ကို ကျင့်သုံးခဲ့ပြီးတော့ ပျိုးထောင်တဲ့နေရာမှာ ဘောင်ပျိုးလေးတွေနဲ့ တစ်ဧက တစ်တင်းနှုန်း အသုံးပြုခဲ့တယ်။ ဘောင်ပျိုးကို အသုံးပြုတဲ့အတွက် မျိုးစေ့သက်သာပြီး ပျိုးပင်ပျက်စီးမှုနည်းခဲ့ပါတယ်။ ရေသွင်းရေထုတ် အဆင်ပြေအောင် ကြိုတင်ဆောင်ရွက်ခဲ့တဲ့အတွက် အပင်ရှင်သန်ကြီးထွားမှုမှာ ကုန်ကျစရိတ်သက်သာခဲ့တယ်။ အတန်းလိုက်စိုက်ပျိုးတဲ့အတွက် မြေဩဇာကျွေးတာ၊ ပေါင်းနုတ်တာတွေအတွက် အဆင်ပြေခဲ့တယ်။ မြေဩဇာ ဈေးကြီးနေတဲ့အချိန်မှာ EM ဘိုကာရှီ မြေဆွေးပြုလုပ်ပုံကို သင်ကြားပေးခဲ့ပြီး တောင်သူတွေကို စုပေါင်းဆောင်ရွက်စေခဲ့ပါတယ်။ ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူတွေက အားပေးကြတာကြောင့် စပါး ဘယ်လောက်ထွက်မယ်ဆိုတာ သိထားပေမယ့် ရိတ်သိမ်းပြီးတဲ့အချိန်မှာ စပါးတစ်ဧကကို တင်း ၁၃၀ ဒသမ ၂၅ တင်း ထွက်တယ်လို့ ကြေညာတဲ့အချိန်မှာတော့ တောင်သူတွေရော ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ ဝန်ထမ်းတွေအားလုံး အားရဝမ်းသာဖြစ်ပြီး ဖော်မပြတတ်အောင် ပျော်ရွှင်ခဲ့ရပါတယ်။ ဆက်ပြီး ထွက်နှုန်းကောင်းတဲ့ ရွှေဝါရောင်စပါးခင်းတွေနဲ့ အပြုံးပိုင်ရှင်တောင်သူတွေ ဆက်လက် စိတ်အားထက်သန်စေဖို့ ကြိုးစားအားထုတ်သွားမှာပါ။

**ဦးတင်အောင်မိုး (တောင်သူ) ကုန်းပေါ်စုကျေးရွာ**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကဆောင်ရွက်တဲ့ စံပြစိုက်ကွက်ရိတ်သိမ်းပွဲမှာ တော်တော်လေးကို အားရကျေနပ် ဖြစ်မိပါတယ်။ ကျွန်တော်တို့ တောင်သူတွေကို စပါးအထွက်တိုးဖို့အတွက်အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးအထူးတင်ပါတယ်။ နည်းမှန်၊ မျိုးမှန်စတဲ့ မှန်လေးမှန်နဲ့ဆောင်ရွက်ပေးတဲ့အတွက်လည်း တောင်သူတွေအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုမျိုးအထွက်နှုန်းကောင်းဖို့ ရည်မှန်းထားပါတယ်။ အရင်ကတော့ မိရိုးဖလာနည်းနဲ့ အခက်အခဲတွေရှိခဲ့တယ်။ အခုကတော့ စိုက်ပျိုးချိန်မှာ ရေရရှိရေးအတွက်လည်း မပူရတော့ဘူး။ စိုက်ပျိုးပြီးရင်လည်း ရေလုံလောက်စွာရရှိတာကြောင့် အရင်က တစ်ဧကကို စပါတင်း ၆၀ ကနေ ၉၀ အထိရဖို့ဆိုတာ တော်တော်လေးကိုခက်ခဲပါတယ်။ အခုကတော့ တစ်ဧကကို တင်း ၁၀၀ ကျော်ထွက်တဲ့အတွက် ဖော်မပြတတ်အောင် ဝမ်းသာမိပါတယ်။ ကျန်တဲ့ ကျွန်တော့်မိတ်ဆွေတောင်သူတွေလည်း အားကျနေကြတယ်။ စပါးထွက်နှုန်းကောင်းအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အတွက် အကျိုးရှိသလို တောင်သူတွေအတွက်လည်း အကျိုးဖြစ်ထွန်းစေတာကြောင့် တောင်သူတစ်ဦးအနေနဲ့ နိုင်ငံသားတာဝန်ကျေပွန်တယ်လို့လည်း ခံစားရပါတယ်။ စိုက်ပျိုးရေးအသိ လမ်းပွင့်အောင်ကူညီဆောင်ရွက်ပေးခဲ့သူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဦးညဏ်ဝင်းထွန်း (တောင်သူ) ကျောင်းကုန်းကျေးရွာ**

အရင်ကတော့ ကျွန်တော်တို့ စိုက်ပျိုးတဲ့နေရာမှာ သွင်းအားစုဖြစ်တဲ့မြေဩဇာကို လုံလုံလောက်လောက် မသုံးနိုင်သလို စိုက်ပျိုးရေနဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်မှုအပါအဝင် နည်းပညာအခက်အခဲတွေကြောင့် အထွက်နှုန်းတွေ လျော့ကျခဲ့တယ်။ အခုအဆင့်မြင့် လယ်ယာတွေ ဖော်ဆောင်ပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ ထင်မထားလောက်အောင်ကို အထွက်နှုန်းတွေကောင်းလာတာတွေ့ရတော့ အံ့ဩဝမ်းသာမိတယ်။ သွင်းအားစုဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ မြေဆွေးကို နည်းစနစ်မှန်မှန်နဲ့ အသုံးပြုတတ်လာတယ်။ စိုက်ပျိုးရေးဝန်ထမ်းတွေကလည်း လယ်ထဲကထွက်တဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့ မြေဆွေးပြုလုပ်ပုံနဲ့ မြေဆွေးကျင်းတွေကို စနစ်တကျပြုလုပ်တတ်အောင် သင်ကြားပြသပေးတဲ့ အကျိုးကျေးဇူးကြောင့် အခြားတောင်သူတွေကို မြေဆွေးမြေဩဇာပြုလုပ်ပုံကို တစ်ဆင့်ပြန်လည်လက်ဆင့်ကမ်းပေးသွားမှာဖြစ်တဲ့အတွက် တောင်သူတွေကုန်ကျစရိတ် သက်သာလာမယ့်အပေါ်မှာလည်း ဝမ်းသာမဆုံးဖြစ်ရပါတယ်။ ဆက်ပြီး ထွက်နှုန်းကောင်းအောင် ကြိုးစားသွားမှာပါ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးတင်ငွေ(တောင်သူ) (ခရမ်းကိုင်းကျေးရွာ)**

ကျွန်တော်တို့ကို စိုက်ပျိုးရေးမှာ အဆင်ပြေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေကိုယ်တိုင် ကွင်းထဲဆင်းပြီး အသေးစိတ်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ပထမဆုံးစိုက်ပျိုးတဲ့နေရာမှာ ဘောင်ဆွဲပြီးတော့ ပျိုးဘောင်ထောင်တဲ့စနစ်နဲ့ စိုက်ပျိုးတတ်အောင်၊ စိုက်ပျိုးရက် ၂၅ ရက်ခန့်မှာ ပျိုးပင်တွေကို ခြောက်တန်းတစ်တန်းလိုက် စနစ်နဲ့ စိုက်ပျိုးတတ်အောင်၊ သွင်းအားစုဖြစ်တဲ့ ဓာတ်မြေဩဇာ မြေဆွေးအသုံးပြုပုံနဲ့ ထုတ်လုပ်ပုံကို စနစ်တကျစိတ်ရှည်ရှည်နဲ့ သင်ပြဆောင်ရွက် ပေးခဲ့တာကြောင့် ကျွန်တော့်အနေနဲ့ သင်ကြားပေးတဲ့အတိုင်း နောင်နှစ်တွေမှာလည်း အသုံးပြုဖို့အတွက်လည်း EM ဘိုကာရှီ သဘာဝမြေဆွေးတွေကို ကိုယ်တိုင်ထုတ်လုပ်စုဆောင်းထားပြီးပါပြီ။ အရင်က တစ်ဧကကို စပါးတင်း ၆၀ ကျော်နီးပါး ရဖို့ခက်ခဲခဲ့ပါတယ်။ အခုစပါးတင်း ၁၀၀ ကျော် ထွက်ရှိတဲ့အတွက် ပျော်ရွှင်ရပါတယ်။ အထူးသဖြင့် ထွက်နှုန်းကောင်းတဲ့ နည်းပညာရှိနေတာကို ကျွန်တော်တို့ သတိမမူလိုက်နာမှုလိုအပ်ခဲ့တဲ့အပေါ် ကုန်လွန်ခဲ့တဲ့ အချိန်တွေကို နှမြောမိတယ်။ တောင်သူတွေရဲ့ ပိတ်ဆို့နေတဲ့ အသိတံခါးကို ဖွင့်လှစ်ပေးခဲ့တဲ့ စိုက်ပျိုးရေးဌာနက ဝန်ထမ်းတွေအားလုံးနဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**တွေ့ဆုံမေးမြန်း–**
**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

■

## မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဇလွန် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး ဒေါ်လှဲ့လှဲ့မိုးက လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကိုဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ သဘောတူစာချုပ်ပါ အခွင့်အရေး(၄)ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်များကို လူမှုအဖွဲ့အစည်းအတွင်းရရှိအောင် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြသည်။



မြို့နယ်(ပြန်/ဆက်)

## ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမ ၁၁ လအတွင်း ဖုန်းနှင့် ဖုန်းအပိုပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄ ဘီလီယံနီးပါး ဝင်ငွေရရှိ



**ဟနွိုင်း ဒီဇင်ဘာ ၃**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၁ လတာကာလအတွင်း ဖုန်းနှင့် ဖုန်းအပိုပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄ ဘီလီယံ နီးပါး ဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေစာရင်းရုံးက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ဖုန်းနှင့် ဖုန်းအပိုပစ္စည်းတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၄ ဘီလီယံနီးပါး ဝင်ငွေရရှိခဲ့မှုသည် အဆိုပါ ၁၁ လတာကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်စုစုပေါင်းမှ ရရှိခဲ့သည့် ဝင်ငွေအားလုံး၏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ဖုန်းနှင့် ဖုန်းအပိုပစ္စည်းတင်ပို့မှုသည် ဗီယက်နမ်နိုင်ငံ၏ အများအပြားတင်ပို့နိုင်သည့် ပို့ကုန်အဖြစ် ဆက်လက်ရပ်တည်နေပြီး ယင်းနောက်တွင် ကွန်ပျူတာ၊ အီလက်ထရွန်နစ်အပိုပစ္စည်းနှင့် အထည်အလိပ်များသည် အများအပြားတင်ပို့နိုင်သည့် ပို့ကုန်များအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်းက ဖုန်းနှင့် ဖုန်းအပိုပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၅ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်းနှင့် ဗီယက်နမ်နိုင်ငံက ဖုန်းနှင့် ဖုန်းအပိုပစ္စည်းအဓိကတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေစာရင်းရုံးက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ သုံးလအတွင်း အလုပ်လက်မဲ့ ရှစ်ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့



**နယူးဒေလီ ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်သုံးလအတွင်း အလုပ်လက်မဲ့ ရှစ်ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အိန္ဒိယစီးပွားရေး စောင့်ကြည့်လေ့လာရေးဗဟိုဌာန (CMIE) က ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

နိုင်ငံ၏မြောက်ပိုင်း ဟာရာနာပြည်နယ်သည် အလုပ်လက်မဲ့ ၃၀ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ဆက်လက်ရပ်တည်လျက်ရှိပြီး ယင်းနောက်တွင် အိမ်နီးချင်းပြည်နယ်ဖြစ်သည့် ရာဂျာစတန်ပြည်နယ်က ၂၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

မြို့ပြများတွင် အလုပ်လက်မဲ့ ၈ ဒသမ ၉၆ ရာခိုင်နှုန်းရှိနေပြီး ကျေးလက်ဒေသများတွင် ၇ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း အဆိုပါအချက်အလက်များအရ သိရသည်။

အောက်တိုဘာလတွင် မြို့ပြတွင် အလုပ်လက်မဲ့နှုန်းမှာ ၇ ဒသမ ၂၁ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသတွင် ၈ ဒသမ ၀၄ ရာခိုင်နှုန်းရှိခဲ့သည်။

နိုဝင်ဘာလတွင် အလုပ်လက်မဲ့ အနည်းဆုံးဖြစ်ခဲ့သည့် ပြည်နယ်များမှာ ချာချက်တီစဂါ၌ သုည ဒသမ ၁ ရာခိုင်နှုန်း၊ ဥတ္တရာခဏ်ပြည်နယ်၌ ၁ ဒသမ ၂ ရာခိုင်နှုန်း၊ အိုဒီရှာပြည်နယ်၌ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ ကာနာတာကာပြည်နယ်၌ ၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် မီဂါလာရာပြည်နယ်၌ ၂ ဒသမ ၁ ရာခိုင်နှုန်းတို့ရှိကြောင်း သိရသည်။

အိန္ဒိယစီးပွားရေးစောင့်ကြည့်လေ့လာရေးဗဟိုဌာန၏ အချက်အလက်များအရ နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် အောက်တိုဘာလတွင် ၇ ဒသမ ၇၇ ရာခိုင်နှုန်းရှိပြီး စက်တင်ဘာလတွင် အနိမ့်ဆုံး ၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## သီရိလင်္ကာနိုင်ငံက ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသား ခရီးသွား ၁ ဒသမ ၅ သန်းဝင်ရောက်မည်ဟု မျှော်လင့်

**ကိုလံဘို ဒီဇင်ဘာ ၃**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းဝင်ရောက်မည်ဟု မျှော်လင့်ထားပြီး ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား သုံးသန်းအထိ ဝင်ရောက်မည်ဟု မျှော်လင့်ထားကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဟာရင်ဖာနန်ဒိုက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုသည် ပြီးခဲ့သည့်လပိုင်းက သိသိသာသာ မြင့်တက်မှု ရှိခဲ့ကြောင်းနှင့် လေကြောင်းလိုင်းအများအပြားသည်လည်း သီရိလင်္ကာနိုင်ငံသို့ ပြေးဆွဲရန် စီစဉ်နေကြကြောင်း ၎င်းက ပြောကြားသည်။




ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိမှုတွင် ထိပ်ဆုံးမှ ရပ်တည်နေသော်လည်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ပြီးနောက် ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည်လည်း ဆုတ်ယုတ်မှုများဖြင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် မော်လ်ဒိုက်နိုင်ငံကမူ ပြီးခဲ့သည့်လများအတွင်းက လစဉ် နိုင်ငံခြားသားခရီးသွား တစ်သိန်းဝင်ရောက်ခဲ့ပြီး သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားသား ခရီးသွား ဝင်ရောက်မှုမှာမူ ပြီးခဲ့သည့်လများအတွင်းက လစဉ် ၃၀၀၀၀ မှ ၆၀၀၀၀ အကြားသာ ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၉ ဦးထပ်မံသေဆုံး

**မနီလာ ဒီဇင်ဘာ ၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၇၀၁ ဦး ရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၂၃၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၃၉၉၇၈ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၄၃၀ ရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများ အနက် ၄၃၃ ဦးသည် မြို့တော်မနီလာမှ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၃ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှ စတင်ထိန်းချုပ်၍ အဆိုပါ ဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။



အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၁၉၉ ဦး၊ ဘလက်ဒိုကျေးရွာသို့ အမျိုးသား သုံးဦး၊ အမျိုးသမီး ခြောက်ဦး၊ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့်ဘလက်ဒိုကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၄၈၃ ဦး၊ အမျိုးသမီး ၅၁၃ ဦး စုစုပေါင်း ၉၉၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းကျေးရွာနေ ငြိမ်းချမ်းအောင်သည် ၎င်းအသုံးပြုသည့် “ဘကြီးငြိမ်းချမ်း” Face book အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Helical Gear Motor တစ်လုံးနှင့် အထည်အလိပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉,၀၄၆,၁၃၅)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်ကစွန့်လွှတ်ကြောင်းကြေညာသည့် ဆေးဝါးမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၈၉၁၈၃)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၉၃၅၃၁၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









အလားတူ ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သောပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၈/၆)အနီး၌ တရားမဝင်ကျွန်းသစ်ခွဲသား ၂ ဒသမ ၂၄၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၃၁၅၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော ISUZU အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၈၃၁၅၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း လိုင်စင်မဲ့ LUCKY ONE 125 အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ကျွန်းသစ်(၉ ဒသမ ၂၇၄၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၉၀၃၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က ရန်ကုန် - မော်လမြိုင် ကားလမ်း၊ မိုင်တိုင်အမှတ်(၆/၃)နှင့် (၆/၄) အကြား၌ လိုင်စင်မဲ့ Mitsubishi Pajero အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၅၉၀၃၂)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၅၇၇၅၀၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❖

# ငြိမ်းချမ်းရေး သို့မဟုတ် နိုင်ငံ့အနာဂတ်ခရီးအတွက် အခြေခံလိုအပ်ချက်

ဇင်ငြိမ်း

မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည်နှင့် အတူ တွေ့မြင်နေရသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ ဖြစ်ပါသည်။

ယင်းမှာ အစဉ်အဆက် တောင်းဆိုခဲ့ကြသည့် နိုင်ငံရေးပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့်သာ ငြိမ်းချမ်းစွာဖြေရှင်းရေး ဖြစ်ပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများဖြင့် နှစ်ပေါင်းများစွာကြာခဲ့သည့်တိုင် ပြေလည်မှုမရရှိခဲ့သော ဖြေရှင်းမှုနည်းလမ်းများအစား ပြည်သူလူထုအားထိခိုက်မှုမရှိစေဘဲ အထိရောက်ဆုံးဖြေရှင်းနိုင်သည့်နည်းလမ်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည်ကို NCA ဖြင့် သက်သေထူထားပြီးဖြစ်ပါသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာနိုင်ငံရေးတွင် တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူးသော NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အောင်မြင်ထိရောက်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်များစွာရှိသည့်အနက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယင်းတို့ထဲမှ အဓိကဒေါက်တိုင်တစ်ခုအဖြစ် တွေ့ရပါသည်။

နိုင်ငံရေးသည် စီးပွားရေးနှင့်ဆက်နွှယ်နေသကဲ့သို့ စီးပွားရေးသည်လည်း ငြိမ်းချမ်းရေးနှင့်ဆက်နွှယ်နေပါသည်။ အလားတူ ပညာရေး၊ ကျန်းမာရေးမှအစ နေ့စဉ်နေထိုင်မှုဘဝများအားလုံးသည် ယင်းအပြန်အလှန်ဆက်နွှယ်မှုများထဲ ပါဝင်နေပါသည်။ ငြိမ်းချမ်းမှုမရှိဘဲ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရရှိရန် ခက်ခဲသည်မှာ မြန်မာနိုင်ငံတွင်သာ ဖြစ်နေသည်မဟုတ်၊ ကမ္ဘာပေါ်တွင်ရှိသည့် မငြိမ်းချမ်းသည့်နိုင်ငံများ၊ ဒေသများမှာ ငြိမ်းချမ်းသည့်နိုင်ငံများ၊ ဒေသများထက် အရာရာနောက်ကျနေကြပါသည်။ ယင်းမှာ မငြိမ်းချမ်းမှုကြောင့်ဖြစ်လာသည့် အကျိုးဆက်များဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ထိုငြိမ်းချမ်းရေး လိုအပ်နေပါသည်။ ငြိမ်းချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်ကြရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေပါသေးသည်။ လျှောက်လှမ်းနေဆဲ ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ခိုင်မာသော နိုင်ငံတော်တည်ဆောက်ရေးပန်းတိုင်အထိ ခရီးဆက်ကြရပါဦးမည်။ ယင်း၏သဘောမှာ NCA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုဆိုသည်ထက် နိုင်ငံ၏ရှိနေဆဲ နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းရမည့် နက်နဲကျယ်ပြန့်သော နိုင်ငံရေးလုပ်ငန်းစဉ်ဟုဆိုပါကလည်း မှားနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည့်တိုင် ငြိမ်းချမ်းရေးရည်မှန်းချက်မပျောက်ဘဲ ဆက်လက်အကောင်အထည်ဖော်ကြရမည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။

ယနေ့ရရှိပြီးသော NCA သဘောတူစာချုပ်သည် လွယ်လွယ်ကူကူရလာခဲ့သည်တော့မဟုတ်ပါ။ ၂၀၁၁ ခုနှစ် နိုင်ငံ၏အသွင်ကူးပြောင်းမှုစတင်သည်နှင့် ဦးစားပေးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းတစ်ခုမှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ မဖြေရှင်းနိုင်သေးသည့် လက်နက်ကိုင်တိုက်ခိုက်မှုများရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ နိုင်ငံတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်အတူ စတင်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့က တိုင်းရင်းသားအဖွဲ့များအားလုံးအား ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ကြေညာချက်အမှတ် ၁/၂၀၁၁ ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်မှာ NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစခရီးဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနီးပါး ပါဝင်ဆွေးနွေး၍ ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံအနာဂတ်တည်ဆောက်ရေးအတွက် ဦးစွာလမ်းစပျိုးနိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် NCA သဘောတူစာချုပ်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် ဦးစွာလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး မပါဝင်နိုင်သည့်တိုင် တာထွက်ကောင်းမွန်သည့်ရလဒ်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့်သာ လက်မှတ်ရေးထိုးနိုင်သည်ဆိုသော်လည်း ကာလကြာမြင့်နေသည့် ပဋိပက္ခဖြစ်ပွားခဲ့သည့် အချိန်ကာလ၊ နက်နဲကျယ်ပြန့်သော နိုင်ငံရေးမတူကွဲပြားမှု၊ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုနှင့် ကိုယ်ကျိုးစီးပွားစွက်ဖက်မှုစသည့် စိန်ခေါ်မှုများကြားတွင် အချိန်တိုအတွင်း မှန်ကန်သော ငြိမ်းချမ်းရေးခြေလှမ်းစတင်နိုင်ခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများပြားသည့် မြန်မာ့နိုင်ငံရေးပဋိပက္ခများသည် နက်နဲရှုပ်ထွေးလှပါသည်။ နယ်ချဲ့တို့၏ စနစ်တကျ သွေးခွဲခဲ့မှုတို့သည်လည်း ယနေ့ထက်တိုင် အရိပ်မည်းထိုးနေဆဲတွေ့ရပါသည်။ ယှဉ်ပြိုင်မှုပြင်းထန်၍ ကမ္ဘာလုံးလွှမ်းခြုံနေသည့် အချိန်အခါနှင့် အခြေအနေများတွင် အများနည်းတူ တိုးတက်ရန်ဆိုပါက အတိတ်ကို တရားသေဖက်တွယ်ထားမှုများကို လျှော့ချကြရမည်ဖြစ်ပါသည်။ သို့မှသာ ပြောင်းလဲမှုနှင့်တိုးတက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်လည်း အတိတ်အပေါ် ဖက်တွယ်ထားမှုများ၊ တရားသေရပ်တည်ချက်များကြောင့် ပြောင်းလဲမှုနှင့်တိုးတက်မှုကို ထိခိုက်စေနိုင်သည်ကို သတိပြုကြရပါမည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရန်များ ကျန်ရှိနေဆဲဖြစ်သည်ကို အားလုံးက လက်ခံထားကြပါသည်။ မိုင်ပေါင်းများစွာခရီးကို ခြေလှမ်းတစ်လှမ်းဖြင့် စတင်သည်ဆိုသည့် စကားကဲ့သို့ ဖြစ်ပါသည်။ စတင်လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းစများအပေါ် အပျက်သဘောမြင်နေခြင်းထက် အပြုသဘောဖြင့်

ယနေ့ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများ၊ တင်းမာမှုများနှင့် စစ်ပွဲများကြောင့် စွမ်းအင်ပြတ်လပ်ခြင်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းများ ရင်ဆိုင်နေကြရသည်။ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေပါသည်။ ယင်းအကျိုးဆက်မှာ နိုင်ငံတကာသို့ ရိုက်ခတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ရေးရာများ၏ဂယက်များ သက်ရောက်လျက်ရှိပါသည်။ ယင်းအခြေအနေသည် မည်မျှကြာမြင့်၍ မည်သည့်အတိုင်းအတာအထိ ကြီးမားကျယ်ပြန့်မည်ကို ခန့်မှန်းရန်ခက်ခဲသည့်အခြေအနေဖြစ်သည်။ ထိုသို့သောအချိန်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးများ ပြေလည်ရေး၊ ငြိမ်းချမ်းရေးနှင့် အတူတကွလက်တွဲကြပြီး ပြည်သူလူထုတစ်ရပ်လုံးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်ဖြစ်

ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးခရီးကို ပိုမိုထိရောက်စေနိုင်မည်ဖြစ်သည်။

## အနာဂတ်နိုင်ငံတည်ဆောက်ရေး

ပဋိပက္ခများဖြင့် သံသရာလည်နေသည့် နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးမှာ အခက်အခဲ အကျပ်အတည်းများ ရှိကြစမြဲဖြစ်သည်။ ပါဝင်ပတ်သက်သူအားလုံး၏ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေးလိုရာခရီးပေါက်မည်ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏အစိတ်အပိုင်းဖြစ်သော်လည်း နိုင်ငံရေး၏ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ရပါသည်။ သို့မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထိုသို့မဟုတ်ပါက ပဋိပက္ခများကြောင့် နိုင်ငံနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နောက်ကျနေမည်ဖြစ်ပြီး ဘဝမလုံခြုံမှု၊ ဆင်းရဲမှုစသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ကြရမည်ဖြစ်ပါသည်။ ပဋိပက္ခများနှင့် ယင်း၏အကျိုးဆက်များသည် အပြန်အလှန်တွန်းအားပေးတတ်ကြသည်ဖြစ်ရာ ပဋိပက္ခများနှင့် ယင်း၏အကျိုးဆက်များ သံသရာမှ ထွက်ပေါက်မှာ ငြိမ်းချမ်းရေးဖြစ်ပါသည်။

မည်သည့်အကြောင်းကြောင့် ပဋိပက္ခများဖြစ်ပွားသည်ဖြစ်စေ ယင်း၏အကျိုးဆက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူတိုင်းက ခံစားကြရပါသည်။ လက်နက်ကိုင်ပဋိပက္ခများရှိနေသည့်ဒေသများတွင် ပဋိပက္ခများ၏အကျိုးဆက်များကို ယင်းဒေသမှပြည်သူများ တိုက်ရိုက်ခံစားနေကြရပြီး ကျန်ပြည်သူများမှာ သွယ်ဝိုက်၍ ခံစားနေကြရပါသည်။

လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ခက်ခဲစေပါသည်။ ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းစေပြီး ဆင်းရဲမှုနှုန်းမြင့်တက်စေပါသည်။ ယင်းအခြေအနေသည် ရှိရင်းစွဲပဋိပက္ခများကို သံသရာလည်စေသည့်အပြင် ပဋိပက္ခအသစ်များကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ယနေ့ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများ၊ တင်းမာမှုများနှင့် စစ်ပွဲများကြောင့် စွမ်းအင်ပြတ်လပ်ခြင်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းများ ရင်ဆိုင်နေကြရသည်။ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေပါသည်။ ယင်းအကျိုးဆက်မှာ နိုင်ငံတကာသို့ ရိုက်ခတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ရေးရာများ၏ဂယက်များ သက်ရောက်လျက်ရှိပါသည်။ ယင်းအခြေအနေသည် မည်မျှကြာမြင့်၍ မည်သည့်အတိုင်းအတာအထိ ကြီးမားကျယ်ပြန့်မည်ကို ခန့်မှန်းရန် ခက်ခဲသည့်အခြေအနေဖြစ်သည်။ ထိုသို့သောအချိန်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးများ ပြေလည်ရေး၊ ငြိမ်းချမ်းရေးနှင့် အတူတကွလက်တွဲကြပြီး ပြည်သူလူထုတစ်ရပ်လုံးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန် ဖြစ်ပါသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက ယခုအချိန်သည် စစ်ပွဲများ ဖြစ်ပွားရမည့်အချိန်မဟုတ်ကြောင်း (Now is not the time for war) ဟု ပြောကြားခဲ့ပါသည်။ စစ်ပွဲထက် အရေးကြီးဆောင်ရွက်ရန်များ ရှိနေသည့်သဘောဟု နားလည်မိပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ရှေ့ခရီးအတွက် ငြိမ်းချမ်းရေးလိုအပ်ပါသည်။ ယခင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခစက်ဝန်းအတွင်းမှ ရုန်းထွက်နိုင်သည့်ထွက်ပေါက်ကို ဆန္ဒစွဲကင်းကင်းဖြင့် ရွေးချယ်နိုင်ရန် အရေးကြီးပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရသည့် အခြေခံရည်ရွယ်ချက်မှာ ပဋိပက္ခဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း အကြမ်းဖက်မှုများ ဖြစ်ပွားခြင်း၊ တိုးမြင့်လာခြင်း၊ ရေရှည်ဖြစ်ပွားခြင်းနှင့် အကြမ်းဖက်မှုသံသရာလည်နေခြင်းတို့ကို ကာကွယ်ရန်ဖြစ်ပါသည်။ ယင်းသို့လုပ်ဆောင်ရာတွင် တစ်ဖက်နှင့်တစ်ဖက် စိတ်သဘောထားများ၊ အပြုအမူများ၊ စံနှုန်းများနှင့် အင်စတီကျူးရှင်းပြောင်းလဲမှုများ ပါဝင်သဖြင့် ရေရှည်ဆောင်ရွက်ကြရပြီး ပူးပေါင်းဆောင်ရွက်ကြမှုလည်း လိုအပ်ပါသည်။

## အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့

ယနေ့အထိ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့သာ ပါဝင်လက်မှတ်ရေးထိုးနိုင်သေးသဖြင့် ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဖြစ်ရန် ဆက်လက်လုပ်ဆောင်ကြရပါဦးမည်။ ထိုအချိန်တွင် ငြိမ်းချမ်းရေးလမ်းကြောင်း မလွဲချော်စေရေးမှာ အရေးကြီးလှပါသည်။ ငြိမ်းချမ်းရေးသို့ ဦးတည်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ အဆင့်ဆင့်ရှိသည့်အနက် ဦးစွာလိုအပ်သည်မှာ တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

ယင်းမှာ မိုင်ပေါင်းများစွာခရီးကို သွားရောက်ရန်အတွက် ပထမဦးဆုံးခြေလှမ်းဖြစ်ပါသည်။ ဦးဆုံးခြေတစ်လှမ်း မလှမ်းဘဲနှင့် မိုင်ပေါင်းများစွာခရီးကို မည်သို့မျှစတင်နိုင်မည်မဟုတ်ချေ။ အလားတူပင် မတူညီမှုများနှင့် ကွဲလွဲမှုများကို တွေ့ဆုံဆွေးနွေးမှသာ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်နှင့် သဘောထားများကို သိနိုင်မည်ဖြစ်ပြီး အပြန်အလှန်ပေါင်းစပ်အဖြေရှာနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့နိုင်ငံရေးအနာဂတ်ခရီးနှင့် နိုင်ငံတည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးနည်းလမ်းဖြင့် သူနိုင်ကိုယ်နိုင်အခြေအနေကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ၏ နယ်စပ်နယ်မြေအသီးသီးတွင် မိဝေးဖဝေးနှင့် မိသားစုဝေးကွာစွာဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နေမအားညမနား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ တဒင်္ဂခေတ္တခဏမျှ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်နှင့် ဘဝအမောများပြေပျောက်စေရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူ အဖွဲ့သားများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ကျောပိုးအိတ်ဖျော်ဖြေရေးအဖွဲ့ငယ်များဖွဲ့စည်းကာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများသို့ မိသားစုများ၏ကိုယ်စား ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် အလှည့်ကျ သွားရောက်ဂုဏ်ပြုဖျော်ဖြေ သီဆိုကပြလျက်ရှိသည်။

ထိုသို့ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့များအား သွားရောက်ဂုဏ်ပြု သီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂ ရက်နှင့် ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ရှေ့တန်းစခန်းများနှင့် မြဝတီ၊ ကျိုက်ဒုံ၊ ကြာအင်းဆိပ်ကြီးတို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့သူအဖွဲ့သားများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ရှေ့တန်းစခန်းများနှင့် တပ်ရင်းဌာနချုပ်များရှိ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များက လုံခြုံရေးအရ အလှည့်ကျစနစ်ဖြင့် စိတ်ပျော်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များမှာလည်း လွတ်လပ်ပေါ့ပါးစွာဖြင့် ပါဝင်သီဆိုကြသည်။ ရှေ့တန်းစခန်းအလိုက်နှင့် ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက လာရောက်သီဆို ဖျော်ဖြေပေးကြသည့် ဖျော်ဖြေရေးအဖွဲ့များကိုလည်း ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

သတင်းစဉ်



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့မှ စစ်သည်၊ စစ်သမီးများ မြဝတီတပ်နယ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ဖျော်ဖြေမှု မှတ်တမ်းဓာတ်ပုံ။



MRTV မှ ဖျော်ဖြေရေးအဖွဲ့သူ အဖွဲ့သားများက ကြာအင်းဆိပ်ကြီးတပ်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖျော်ဖြေနေမှုမှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၄၀ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၄၅ | ၂၅၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၁၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၀ | ၂၇၈၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၇ | ၁၉၃၈ |
| 95 Ron | ၁၉၄၁ | ၂၀၁၄ |
| HSD (500 ppm) | ၂၂၉၁ | ၂၃၆၆ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

၂၀၂၂ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ပါမောက္ခချုပ် ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။




ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွစွာ ပါဝင်နိုင်ရန်ရည်ရွယ်ပြီး ကမ္ဘာ့တစ်ဝန်းလုံးတွင် ကျင်းပခဲ့ရာ ယခုဆို (၃၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါပပျောက်စေရေး စီမံချက်ထားရှိပြီး ကာကွယ်ရေးနှင့် ဆေးပေးဝေမှုလုပ်ငန်းများကို မြို့နယ်အားလုံးရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ပိုမိုတိုးချဲ့လုပ်ဆောင်လျက်ရှိရာ ပြည်သူ့ကျန်းမာရေးအန္တရာယ်အဖြစ်မှ အဆုံးသတ်နိုင်လိမ့်မည်ဟုယုံကြည်ကြောင်းနှင့် ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် "အေအိုင်ဒီအက်စ် ပပျောက်ဖို့ မညီမျှမှုများလျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုက အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ပါမောက္ခချုပ် ဆေးရုံအုပ်ကြီးက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သီချင်းဖြင့် ဖျော်ဖြေပြီး အိပ်ချ်အိုင်ဗွီရောဂါနှင့် နှီးနွယ်ခံစားနေရသော လူထုကိုယ်စားပြု ပုဂ္ဂိုလ်တစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများက ခုခံအားကျဆင်းမှုနှင့်ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့သော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲစတုတ္ထဆုရရှိသူများကိုလည်းကောင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသော အခြေခံကျန်းမာရေးပညာရှင်များကိုလည်းကောင်း ချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုများအပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းသည် သီးထပ်စွမ်းအားမြင့်မားရေး ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကိုယမန်နေ့မွန်းလွဲပိုင်းက ကျောက်ချက်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဇေယျာသီရိမြို့နယ်အတွင်း သီးထပ်စွမ်းအားမြင့်မားရေး ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေလိုအပ်ချက်၊ မျိုးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် တောင်သူများအနေဖြင့် မိမိတို့ရဲ့လိုအပ်ချက်များကို ပွင့်လင်းစွာတင်ပြတောင်းဆိုနိုင်ကြောင်း ပြောကြားသည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးပြေသိန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သီးထပ်စွမ်းအားမြင့်မားရေး ဆောင်းသီးနှံ၊ နွေသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဌာနမှကူညီပံ့ပိုးပေးမည့်အခြေအနေများ၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ စက်မှုလယ်ယာဝန်ဆောင်မှုပေးမည့်ကဏ္ဍများနှင့် အကျိုးတူလယ်ယာစနစ်များအကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်များတင်ပြလာမှုအပေါ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇေယျာသီရိမြို့နယ်၌ ယခုနှစ်နွေရာသီတွင် နွေစပါးစိုက်ပျိုးဧက ၃၅၉ ဧကနှင့် မတ်ပဲပြီးချိန်တွင် ပဲတီစိမ်း၊ နှမ်းနှင့် နေကြာကို ၅၈၅၃ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲနှင့် ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့တွင် ပန်းဆိုးတန်းလမ်းရှိ အသင်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၃၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(စွယ်စုံမီဒီယာဂရု)က ငွေကျပ်တစ်ဆယ့်တစ်သိန်း၊ သံအမတ်ကြီး(ငြိမ်း) ဒေါက်တာဦးလှမောင် (ဖောင်ဒေးရှင်း)က ငွေကျပ်ဆယ်သိန်းနှင့် ငွေကျပ်တစ်ဆယ့်ငါးသိန်း တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးခွင့်ကတ် ၁၅ ကတ်၊ ဦးညွန့်ဆွေ(မောင်ဆွေသက်)- သရက်မသက်ဆွေ မိသားစုက ငွေကျပ်ငါးသိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင် (မမြတ်လေး) တို့အားအမှူးထား၍ ဦးဉာဏ်ထွန်းဦး - ဒေါ်ခင်စောဥမ္မာ၊ ဦးနန္ဒကျော်စွာ - ဒေါက်တာဒေါ်မြင့်ဌေး (မြတ်လေးရုံမိသားစု)နှင့် ဦးသက်ထွန်း-ဒေါ်သီသီနွယ် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)မိသားစုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ (၅/၂၀၂၂) အစည်းအဝေးကိုကျင်းပခဲ့ပြီး ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိရာ ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်က အကြီးအကဲများ၏ လမ်းညွှန်ထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအခြေအနေ၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် စာမေးပွဲဖြေဆိုပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး သတ်မှတ်တင်ဒါ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်မှ အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့အပြင် ဆရာ ဆရာမများအနေဖြင့် ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းသွားပြီဖြစ်သော်လည်း ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော SOP များနှင့်အညီ ရုံးဌာန၊ စာသင်ခန်းများတွင် အလေးထားလိုက်နာကျင့်သုံးစေရေး အဆင့်အလိုက် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး သင်ကြားရေးနှင့် စီမံရေးရာဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း ခင်မင်ရင်းနှီးစွာ နေ့လယ်စာသုံးဆောင်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ဝင်းအတွင်းရှိ စာကြည့်တိုက်အသစ်၊ Motivation Hall ဆောင်ရွက်နေမှု၊ Laboratory အခန်းများ ပြင်ဆင်ထားမှု၊ အလုပ်ရုံနှင့် Towing Tank အဆောင်များတွင် လုပ်ငန်းဆောင်ရွက်နေမှု၊ ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှု၊ တက္ကသိုလ်ဝင်းအတွင်းရှိ ပလက်ဖောင်း လုပ်ငန်းလုပ်ဆောင်နေမှုနှင့် ကျောင်းသား ကျောင်းသူများအတွက် အဆောင်တည်ဆောက်မည့် နေရာများ၏ အခြေအနေများကို လှည့်လည်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်သို့ ဒုတိယအကြိမ်အဖြစ် သင်တန်းသား ၄၀ စေလွှတ်

**နေပြည်တော် ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိအမျိုးသားတရားစီရင်ရေးအကယ်ဒမီ (National Judicial Academy, Bhopal India)တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက် မှ ၈ ရက်အထိ ဖွင့်လှစ်မည့် "တရားသူကြီးများနှင့်တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်" သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့် သင်တန်းသား ၄၀ သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။




အဆိုပါ သင်တန်းသားများသည် သင်တန်း၌ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံ တရားစီရင်ရေးစနစ်၊ တရားသူကြီးကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံးစီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားရုံးနည်းပညာ၊ တရားမနှင့် ရာဇဝတ်ဥပဒေများ၊ ဥပဒေရေးရာဆေးပညာ၊ တရားမကျင့်ထုံးဥပဒေနှင့် တရားမမှုစစ်ဆေးခြင်း၊ အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို လေ့လာသင်ယူခွင့် ရရှိကြမည့်အပြင် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ ဆေးသုတေသနတက္ကသိုလ်၊ ခရိုင်တရားရုံးနှင့် ဗဟိုအကျဉ်းထောင်တို့ကို သွားရောက်လေ့လာခွင့်ရရှိမည် ဖြစ်သည်။

ယင်းသင်တန်းအစီအစဉ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံသို့စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ၊ မြို့မမြို့ဖများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်ကြသည့် လုပ်ငန်းကော်မတီများမှ လွတ်လပ်ရေးကွင်း (မိုင်ဒါကွင်းအတွင်း) ကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပမည့်အလံတင်အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားပွဲ၊ ဌာနဆိုင်ရာ အထိမ်းအမှတ်ပြခန်းများ၊ အားကစားပြိုင်ပွဲများနှင့် လုံခြုံရေးကဏ္ဍများကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလှိုင်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒိုက်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အချိန်စေ့လွန်ကြွေးကျန် လျှော့နည်းကျဆင်းစေရေး ညှိနှိုင်းစည်းဝေး

**ဒိုက်ဦး ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က အချိန်စေ့ကြွေးကျန်(NPL) လျှော့နည်းကျဆင်းစေရေးနှင့် ချေးငွေများ ကောက်ခံ ရရှိရေးအတွက် တိုင်းဒေသကြီး မန်နေဂျာနှင့် မြို့နယ်ချေးငွေ အကြံပေးအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

**အကြံပြုဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ပဲခူးတိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ (မြို့နယ်ချေးငွေအကြံပေး အဖွဲ့ဥက္ကဋ္ဌ)ဦးကျော်ဆန်းဦးက ကြွေးကျန်လျှော့နည်းကျဆင်းရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဒိုက်ဦးမြို့နယ် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် မာန်နေဂျာ ဒေါ်ဗေဒါရီ၊ မြို့နယ်ချေးငွေလုပ်ငန်း အကြံပေးအဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးနှင့် ဥပဒေအရာရှိ ဦးကျော်သိန်းဝင်းတို့က အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ် နောင်တောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ဟိုပုံး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လွယ်အွန့်ကျေးရွာအုပ်စု နောင်တောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦးနှင့် တာဝန်ရှိသူများသည် ကျေးလက်ရေရရှိရေးအတွက် နောင်တောင်းကျေးရွာတွင် ပေ ၃၀၀ ရှိ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပြည်နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၉၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂–၁၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၁၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၈၅,၂၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၂၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၈၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၈) ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# သာယာလှပ ရန်ကုန်တန်ဆောင်တိုင်လပြည့်ည ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့၏ တန်ဆောင်တိုင်အလှပေါ်လွင်သောနေရာများ၏ တန်ဆောင်တိုင်မီးထွန်းပွဲကျင်းပနေမှုအလှအပကို ဖော်ညွှန်းထားသော သာယာလှပ ရန်ကုန်တန်ဆောင်တိုင်လပြည့်ည ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဗဟန်းလူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တန်ဆောင်တိုင်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ဓာတ်ပုံပြိုင်ပွဲရွေးချယ်ရေးအဖွဲ့ဦးဆောင်သူ ဦးစိုးမင်း(ရန်ကင်း–စိုးမင်းက) အမှာစကားပြောကြားသည်။

ဆက်လက်၍ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုနှင့် နှစ်သိမ့်ဆုရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးမှ ဦးအောင်မြင့်၊ ဒုတိယဆုရ ဦးသန့်ခင်၊ တတိယဆုနှင့် နှစ်သိမ့်ဆုရ ဦးဇော်မင်းထွေးတို့ကို ရန်ကုန်တန်ဆောင်တိုင်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီအဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများကိုယ်စား ပထမဆုနှင့် နှစ်သိမ့်ဆုရ ဦးအောင်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ ဒီဇင်ဘာပထမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒီဇင်ဘာ ပထမပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီတွင် ကျင်းပရာ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ စုရပ်ပြုလုပ်၍ ဗဟိုလမ်း (မင်းကြီးလမ်း)မှ အောက်မင်္ဂလာဒုံလမ်းတစ်လျှောက် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း စုစုပေါင်းအင်အား ၄၀၀ ကျော်ဖြင့် စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါလမ်းလျှောက်ရာတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ်(၆၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ ရဲတပ်ဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား စုပေါင်းလမ်းလျှောက်ခြင်းတွင် ကျန်းမာရေးလိုက်စားသူ ပြည်သူများ ပါဝင်ဆင်နွှဲ လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**



# ယင်းမာပင်မြို့၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲ (ပထမပတ်)ကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းကာ ခရိုင်စုပေါင်းရုံးရှေ့မှ စတင်ထွက်ခွာ၍ မုံရွာ–ပုလဲ–ဂန့်ဂေါ လမ်းမကြီးအတိုင်း စားသုံးသူရေးရာဦးစီးဌာနအထိ လျှောက်ကာ အဆိုပါစုရပ်မှ ခရိုင်စုပေါင်းရုံးဝင်းသို့ ပြန်လည်လျှောက်ကြပြီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကောက်ညှင်းပေါင်းနှင့် မုန့်ဟင်းခါးများ ကျွေးမွေး ဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကြံခင်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ကြံခင်း ဒီဇင်ဘာ ၃**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့၌ ဒီဇင်ဘာ(ပထမပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် စုရပ်သတ်မှတ်ကျင်းပသည်။

**လေ့ကျင့်ခန်းများ ပြုလုပ်**




အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူလူထု အင်အား ၃၀၀ ခန့်က ဘုရားကြီးလမ်း၊ လမ်းမတော်လမ်း၊ ဗိုလ်ချုပ်လမ်း တစ်လျှောက်မှ မြို့နယ်ပြည်သူ့အားကစားကွင်းသို့ ပျော်ရွှင်စွာလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြောင်းနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်ခင်မိုးဝါ ဦးဆောင်ပြီး အကြောလျှော့လေ့ကျင့်ခန်းနှင့် Fitness Dance လေ့ကျင့်ခန်းများ ပြုလုပ်ကြကြောင်း သိရသည်။

ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝတ္ထုတို




## ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)

(၁)

ယိုင်နဲ့နဲ့တဲကလေး။ အမိုးအကာ လုံခြုံမှုမပေးနိုင်။ အားလုံးက သက်ပြင်းမောကိုချ၍ နေနေကြသည်။ အခန်းလေးက လူငါးယောက်ဝင်တာတောင် နေရာမဆံ့ချင်။ ရက်လည်ဆွမ်းကျွေးပြီး ကျန်ရစ်ခဲ့တဲ့ အမျိုးသမီးနှင့် အရွယ်မရောက်သေးသည့် ကလေးသုံးယောက်အတွက် တွေးပူနေကြသည်။

အသက်ငယ်ငယ်ရွယ်ရွယ် ကလေးသုံးယောက်နှင့် ရှေ့အနာဂတ်ကို ဘယ်လိုဖြတ်သန်းမလဲ အားလုံးကဝိုင်း၍ အဖြေရှာနေကြ၏။ လသားအရွယ်သမီးငယ်လေးကို ရင်ခွင်ထဲပိုက်၍ အံတင်းတင်းကြိတ်လို့ လူကြီးတွေရဲ့စကားကို နားထောင်နေတဲ့ ကလေးမ၏မျက်ဝန်းထဲမှာ အားငယ်စိတ်ထက် လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်မယ်ဆိုတဲ့ပုံရိပ်က အထင်းသားပေါ်လွင်နေသည်။

"ကျွန်မ ကလေးတွေကို ဘယ်သူမှ မပေးနိုင်သလို။ ဘယ်ဂေဟာမှ မပို့နိုင်ဘူး။ ကျွန်မ ဝမ်းနဲ့လွယ်ထားတဲ့ သားသမီးတွေမို့ ကျွန်မရှိသမျှခွန်အားနဲ့ ကျွန်မရင်ခွင်ထဲမှာပဲ ထားပါရစေ"

"မဟုတ်သေးဘူးကလေးမ။ လသားအရွယ်ကလေးနဲ့တောင် အလုပ်တွင်မှာမဟုတ်ဘူး။ ဒုက္ခများမှာ စိုးလို့ပါကွယ်။ ဦးကြီးတို့က သမီးအတွက် ပြောတာပါ"

"ကျွန်မနားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မသားသမီးတွေကို ကျွန်မမျက်စိရှေ့ကနေဘယ်ကိုမှ မပေးနိုင်ဘူး။ ကျွန်မဆန္ဒပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်"

ပြတ်သားလှသည့် မိန်းကလေးစကားကြောင့် အားလုံး လက်လျှော့ကာ ပြန်သွားကြသည်။ ခိုလှုံစရာရိပ်မြုံလေးမှာ အားကိုးစရာ အိမ်ဦးနတ်မရှိတော့ပြီမို့ ကိုယ်တိုင်မာန်တင်းလို့ ရှေ့ဆက်ဖို့အတွက် အားယူရပေမည်။ မီးမရှိသည့်တဲအိမ်လေးက သူတို့မိသားစုအတွက် ရိပ်မြုံလေးပါ။ အမှောင်ထုက ကြီးစိုးလာပြီမို့ ဖယောင်းတိုင်မီးလေးကို ထွန်းညှိလိုက်သည်။ အသက်ခုနစ်နှစ် သမီးကြီး၊ လေးနှစ်အရွယ်သားလတ်။ လသားအရွယ်သမီးငယ်လေးက သူ၏ဘဝဖြစ်ခဲ့လေပြီ။ အိပ်မောကျနေပြီဖြစ်သော သားသမီးတွေကို စောင်လုံအောင်ခြုံပေးလိုက်ရင်း သမီးငယ်လေးကို ရင်ခွင်ထဲထည့်ကာ အေးမာ လှဲအိပ်လိုက်သည်။ အတွေးတွေ နယ်ချဲ့ရင်း ရှေ့ရေးအတွက် စဉ်းစားနေမိသည်။

(၂)

အေးမာက ဒီဇာတိမဟုတ်။ ဇာတိမြေမှာ မိဘနှစ်ပါး ကွယ်လွန်သွားတော့ အားကိုးစရာမရှိတစ်ကောင်ကြွက်ဘဝနှင့် နေခဲ့ရသည်။ ဆွေမျိုးအသိုင်းအဝိုင်းကလည်း ဘဝတူ မပြေလည်သူများမို့ အပျိုပေါက်အရွယ် အေးမာ တစ်ယောက်တည်း ရုန်းကန်ရှင်သန်လာရသည်။ ရရာအလုပ်လိုက်လုပ်ရင်း ဘဝတူ တစ်ကောင်ကြွက် ကိုမြမောင်နှင့် အသက်ဆယ့်ရှစ်နှစ်အရွယ်မှာ အကြောင်းပါခဲ့၏။ ကလေးနှစ်ယောက်ရပြီးချိန် ရှေ့အနာဂတ်ကို ကြိုတွေး၍ မိသားစုလိုက် သည်မြို့လေးကို ရောက်ရှိလာခဲ့သည်။ ရရာအလုပ်ကို လုပ်၍ ဝမ်းရေးဖြေရှင်းကြသူများမို့ ဇာတိရွာထက်စာလျှင် အနည်းငယ် အဆင်ပြေသည်။ မြောင်းပေါက်၊ မြက်ရှင်း၊ ကူလီ၊ ပန်းရန် အလုပ်မရွေးလုပ်၍ မိသားစုတာဝန်ကျေပွန်ခဲ့သော အိမ်ဦးနတ်က အေးမာတို့မိသားစုကို အစောကြီးထာဝရနှုတ်ဆက်သွားပြီ။ ခုတော့ ဒီသားသမီးတွေတာဝန်က အေးမာခေါင်းပေါ်ရောက်လာလေပြီ။

လင်ယောကျ်ား ရှိစဉ်ကတည်းက ခေါင်းရွက်ဈေးသည်လည်း လုပ်သည်။ ရာသီပေါ်အစားအစာလည်း လည်ရောင်းဖူးသည်။ လင်ယောကျ်ားနှင့် ပန်းရန်အလုပ်ကြမ်းလည်း လုပ်ဖူးသူမို့ အပင်ပန်းခံနိုင်သည်။ အလုပ်ရှိဖို့သာလိုသည်။ အေးမာ ဘယ်အလုပ်မှ ရှောင်မည်မဟုတ်။ ကိုယ့်ခွန်ကိုယ့်အားကိုး၍ သားသမီးသုံးယောက်အတွက် ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားပြီမို့ စိတ်ဓာတ်မကျအောင်နေသည်။ ငယ်ငယ်လေးကတည်းက ကြမ်းတမ်းလှသည့် သူ့ဘဝသည်ထက် ကြမ်းတမ်းစရာလာလည်း အပြုံးမပျက်ဘဲ လျှောက်လှမ်းရမည်ဖြစ်သည်။

နွေကျောင်းပိတ်ရက်ဖြစ်၍ သားလတ်ကို သမီးကြီး ထိန်းလိမ့်မည်။ လသားအရွယ် သမီးလေးကိုတော့ သူ့အလုပ်ကိုသာခေါ်သွားရမည်။ ကျောင်းပြန်ဖွင့်လျှင် သားလတ်လည်း ကျောင်းစတက်ရတော့မည်မို့ ငွေကို ကြိုးစားရှာရမည်။ လင်ယောကျ်ားဆုံးသွားလို့ ပူဆွေးဝမ်းနည်းပြီး အိမ်မှာ မနေနိုင်။ ထားသွားသူက သွားနှင့်ပြီမို့ ကျန်ရစ်သူက အဆင်ပြေအောင်နေရမည်ဟု စိတ်ထဲမှတ်ထားသည်။ ငိုစရာမျက်ရည်တွေက ငယ်ငယ်လေးကတည်းက ကုန်ခန်းသွားပြီမို့အေးမာ အသည်းတွေမာနေပြီ။ ကျစရာမျက်ရည်လည်း ကုန်ခန်းသွားပြီလို့ ထင်မိသည်။

အပြစ်ကင်းစင်လွန်းသည့် သားသမီးသုံးယောက်၏ နဖူးပြင်လေးတွေကိုနမ်းရှိုက်လိုက်ရင်း အားတွေယူလိုက်မိသည်။

"အမေအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ရတနာလေးတွေအတွက် အမေ အစွမ်းကုန်ကြိုးစားပါ့မယ်ကွယ်"

(၃)

"ဟဲ့ ဟိုကလေးမလေး ကလေးတစ်ဖက်နဲ့ကို အားလုံးနဲ့ တန်းတူလုပ်တယ်နော်"

"ဟုတ်တယ် သူဌေးရေ ကောင်မလေးက သနားစရာဗျာ။ သူ့အမျိုးသားက ရုတ်တရက်တိမ်းပါးသွားတော့ ကလေးသုံးယောက်နဲ့ ကျန်ခဲ့တယ်ဗျာ။ အာဂအမျိုးသမီးနော်။ ကလေးသုံးယောက် ဘယ်သူ့ကိုမှ မပေးဘူးတဲ့ သူပဲ လုပ်ကျွေးပြုစုမှာတဲ့ဗျာ"

"လေးစားစရာပါ။ မိခင်မေတ္တာလေ။ ခင်ဗျားလည်းသိတဲ့အတိုင်း တချို့ ကလေးမွေးပြီး မကျွေးနိုင်လို့ လမ်းဘေးပစ်ထားကြတဲ့ သူတွေနဲ့ယှဉ်ရင် ဆီနဲ့ ရေဗျာ။ ဒီကလေးမ တော်တော်ချီးကျူးတယ်"

"အမှန်ပဲဗျာ"

ကလေးကျောပိုး၍ အလုပ်ကြမ်းလုပ်နေတာတောင် သူများ သဲ ဆယ်ခေါက်ဆို သူဆယ်ခေါက်ရောက်အောင် လုပ်သည်။ သူများ အုတ်ငါးဆယ်သယ်ရင် အေးမာလည်း ငါးဆယ်ရအောင်သယ်သည်။ လုပ်အားခနှင့်တန်အောင် အေးမာ အလုပ်လုပ်ပေးသည်။ သူတစ်ပါးနှင့် တန်းတူ လုပ်အားခရသူအတွက် သူများနှင့်တန်းတူ အလုပ်လုပ်ရမည်ဟု ငယ်ငယ်ကတည်းက အမေသင်ပေးထား၍ အေးမာ အသိက စိတ်ထဲစွဲနေတော့သည်။ သနားလို့ နားပါဦးလို့ပြောတာ အေးမာ လက်မခံ။ အေးမာ ကျိုးပဲ့နေတာမဟုတ်။ ခြေကောင်းလက်ကောင်းကြီး။ အများနည်းတူ လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်။ အချောင်ခိုပြီးရတဲ့ လုပ်အားခကို အေးမာ မလိုချင်။ လိပ်ပြာမသန့်။ ကိုယ့်ခွန်အားနှင့်ရတဲ့ လုပ်အားခကို မက်မောသည်။ တန်ဖိုးထားသည်။

"နားပါဦး အေးမာရယ်။ ငါတို့ပိုလုပ်ပါ့မယ်ဟယ်။ နင်ကလည်း ကလေးငိုနေတာကို"

"ရပါတယ် ညီမာရယ်။ သမီးက နို့တိုက်လိုက် အငိုတိတ်ပါတယ်။ ငါ့အတွက်နဲ့ နင်တို့ပင်ပန်းတာ မလိုချင်ဘူး။ ရတယ် ဘာမှမဖြစ်ဘူး"

"အေးပါ မယ်မင်းကြီးမရဲ့ ခဏနားနို့တိုက်။ နင်သယ်ရမယ့်ဟာတွေ ထားထားတယ်အေ"

"တကယ့် အာဇာနည်မပဲ"

သူတို့အပြောကို အေးမာ အပြုံးလေးနှင့်တုံ့ပြန်ရင်းခဏနားကာ သမီးလေးကို ချော့သိပ်လိုက်သည်။ သမီးလေးအိပ်ပျော်သွားတော့ကျောပိုးကာ အလုပ်ဆက်လုပ်လိုက်သည်။ အိမ်ပိုင်ရှင်ကတော့ အေးမာကိုကြည့်၍ သဘောကျနေတော့သည်။

ဒီနေ့ ဈေးပိတ်နေ့ဖြစ်၍ လုပ်အားခတွေ ရှင်းရမည်။ တစ်ပတ်စာအတွက် ဝယ်ခြမ်းစရာတွေကို တွေးရင်း အေးမာ သန့်ရှင်းရေးလုပ်ကာ အလုပ်သမားတွေနှင့်အတူ လုပ်အားခရှင်းဖို့ တန်းစီလိုက်သည်။ တစ်နေ့ ရှစ်ထောင်ဆိုတော့ အေးမာက ငါးရက်လုံး ဆင်းထားသည်။ လေးသောင်းရမည်။ လုပ်အားခရှင်းပေတော့ တစ်သိန်းတန်အုပ်ကြီးကို ကြည့်၍ အေးမာ မျက်လုံးပြူးသွားသည်။

"ဘကြီးမောင်သမီးရမှာလေးသောင်းပဲလေ။ ဘာလို့တစ်သိန်းပေးတာလဲ"

"အေး သမီးအေးမာကို သူဌေးက ဂုဏ်ပြုတာတဲ့။ နောက်ပြီး သမီးယောကျ်ားနာရေးတုန်းက သွေးသောက်ကြေးမထည့်ပေးရလို့တဲ့ကွယ်။ ကလေးသုံးယောက်နဲ့ သနားစရာ ကလေးမမို့ ပိုပေးတာတဲ့"

ဘကြီးမောင်စကားကြောင့် အေးမာ ပြုံးလိုက်သည်။ တစ်သိန်းအုပ်ထဲမှ လုပ်အားခလေးသောင်းကိုယူ၍ ကျန်ပိုက်ဆံကို ဘကြီးမောင်လက်ထဲ ပြန်ထည့်ပေးပြီး "သမီးကျေးဇူးတင်ပါတယ်လို့ သူဌေးကိုပြောပေးပါ။ သမီးကို သနားစရာမလိုပါဘူးလို့ သမီးက ခြေကောင်းလက်ကောင်းအရွယ်ကောင်းပါ။ သမီးထက် အခြေအနေဆိုးကြတဲ့ သက်ကြီးရွယ်အိုတွေ၊ စွန့်ပစ်ခံကလေးတွေ၊ ခန္ဓာကိုယ်ချို့တဲ့တဲ့သူတွေကို ကူညီပေးကမ်းပါလို့ ပြောပေးပါနော်။ သမီးကတော့ သမီးခွန်အားနဲ့ရတဲ့ လုပ်အားခကိုပဲ ယူပါရစေ"

"မဟုတ်ဘူးလေ သမီးအေးမာရယ်။ သူဌေးစေတနာကို စော်ကားသလိုဖြစ်မှာပေါ့"

"မဖြစ်ပါဘူး ဘကြီးမောင်ရယ်။ သမီးပြောတာ သူဌေးက ပိုသဘောပေါက်မှာ။ လူဆိုတာ ဒီလို အချောင်ရပါများရင် လိုချင်လာမှာ။ လွယ်သွားရင် ပျင်းသွားမှာ။ ပျင်းသွားရင် အလကားအချောင် ပိုလိုချင်လာမယ်။ မဟုတ်မမှန်တာတွေနဲ့ မျက်ရည်ချူလာတဲ့ အဆင့်အထိ သေးသိမ်တဲ့ စိတ်တွေဝင်လာမှာ။ ဒါကြောင့် အေးမာ လက်မခံပါရစေနဲ့နော်"

"သမီးရယ် သူဌေးစိတ်မကောင်းအောင်ကွယ်"

"သူဌေးတွေ့ရင် ပြောပြလိုက်ပါ ဘကြီးမောင်။ အေးမာ အမှန်တကယ်လိုအပ်ရင် အကူအညီတောင်းပါ့မယ်လို့။ နောက်ပြီး ဒီအလုပ်လေးပြီးသွားရင်သာ နောက်ထပ်အလုပ်မှာ အေးမာတို့ကို ပြန်လုပ်ခိုင်းရင်ပဲ ကျေးဇူးတင်လှပါပြီ"

"အေးပါကွယ်"

"အေးမာ သွားပြီနော် ဘကြီးမောင်"

ပြောပြီး လှည့်ထွက်သွားသော အေးမာကိုကြည့်၍ ဘကြီးမောင် ငိုင်၍ ကျန်ခဲ့သည်။ အလုပ်ရှင် သူဌေးကတော့ ချောင်လေးနားမှာ နားထောင်နေရင်း လက်ခုပ်လက်ဝါးတီး၍ အေးမာကို ဂုဏ်ပြုနေတာ သူတို့ သိမည်မဟုတ်ပေ။

(၄)

အလုပ်အပြန် ဈေးကို တစ်ခါတည်း ဝင်ခဲ့သည်။ တစ်ပတ်စာ လိုအပ်သည့် ဆန်၊ ဆီ၊ ဆားကအစ ဝယ်လာရင်း အိမ်လခအတွက် ကိုယ်စုရမယ့်ငွေ။ ပိုသည့်ငွေကို စုဘူးလေးထဲထည့်ဖို့ စဉ်းစားရင်း အိမ်ပြန်လာခဲ့သည်။ သူတို့လို ဘဝသမားတွေအတွက် ညနေခင်းဈေးတန်းလေးက စည်ကားလှသည်။ ကြက်ခေါင်းလေးနှင့် ဘူးသီးရောချက်မည်။ ငံပြာရည်ကျိုမည်။ အတို့အမြုပ်လေးနှင့် မြိန်မှာသေချာသည်။ မနက်ခင်းအတွက် ကန်စွန်းရွက်နှင့် ပဲပင်ပေါက်ကြော်မည်လို့ တွေးရင်း ဗိုက်က ဆာလာတော့သည်။

အိမ်ရောက်တော့ ည ၆ နာရီ ထိုးပြီ။ သမီးကြီးကို ကလေးထိန်းခိုင်းကာ အမြန်ချက်ပြုတ်ရတော့၏။ မီးသွေးမီး အမြန်တက်၍ တော်သေးသည်။ ချက်ပြုတ်ပြင်ဆင်လို့ပြီးတော့ ရေချိုးလိုက်သည်။ ကျန်တဲ့ငွေလေးတွေကို ရေတွက်ရင်း နောက်နှစ် ကျောင်းသားနှစ်ယောက်ဖြစ်တော့မှာမို့ ကိုယ်စုရတော့မည်။ အိမ်လခကတော့ အလျင်မီအောင်ပေးနိုင်၍ စိတ်ချမ်းသာသည်။ အလုပ်ကြမ်းကိုတော့ ရေရှည်မလုပ်ချင်ပေ။ အရင်းအနှီးလေး ရအောင်စုနေသည်။ ပြည့်သွားလျှင် လမ်းထိပ်မှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်ဖို့ ဆုံးဖြတ်ထားသည်။

"အမေ ထမင်းစားမယ်လေ သမီးဗိုက်ဆာပြီ"

"သားလည်း ဗိုက်ဆာပြီ အမေ။"

ဘယ်လောက် အတွေးလွန်နေသည်မသိ။ သားသမီးတွေ အသံကြားမှ အမြန်ထကာ ထမင်းစားဖို့ ပြင်ဆင်ရသည်။

(၅)

ဖယောင်းတိုင်မီးလေးနှင့် သူတို့မိသားစု ထမင်းဝိုင်းလေးက စိုပြည်လှသည်။ ဖွယ်ဖွယ်ရာရာမရှိပေမယ့် သားနှင့် သမီး ပလုတ်ပလောင်းစားနေတာကြည့်ပြီး အေးမာကြည်နူးမိသည်။ ထမင်းပေါ် ငံပြာရည်ဆမ်း၍ အားရပါးရ နယ်လိုက်သည်။

"အမလေး"

စပ်လွန်း၍ မျက်ရည်တောင်ကျမလိုဖြစ်သွားသည်။ နေ့လယ်က မဆလာသယ်ရင်း အသာမာတက်နေသော လက်ကို မဆလာအိုးအစွန်နှင့် ထိပြီး ပေါက်ပြဲသွားတာ ခုတော့ အတော်နာသည်။ ငံပြာရည်ဝင်သွား၍ ပိုဆိုးလေပြီ။

"ကျွတ် ကျွတ်"

"အမေ ဘာဖြစ်တာလဲ ဟင်"

သမီးကြီးက စိုးရိမ်စွာမေးသည်။

"ဘာမှမဖြစ်ပါဘူး သမီးရယ် နေ့လယ်က ခိုက်မိပြီး လက်ပေါက်သွားတာပါ။ ငံပြာရည်ဝင်တော့ ပိုစပ်တယ် သမီးရယ်"

"အမေရယ်"

သမီးကြီးက သူ့ကိုသနားသလို မျက်ရည်တွေနှင့်ကြည့်တော့ သူဒေါသဖြစ်သွားသည်။

"သမီး ဘာဖြစ်တာလဲ အဲဒါ။ အဲဒီ မျက်ရည် မကျစေနဲ့နော်။ ဘာဖြစ်လို့ မျက်ရည်ကျတာလဲ။ အမေ မျက်ရည်လွယ်တာ၊ မျက်ရည်ကျတာ မကြိုက်တာ သမီးသိတယ်နော်"

"ဟုတ်အမေ။ သမီးက အမေပင်ပန်းတာကို သနားလို့ပါ"

"နင့်ပါးစပ်ပိတ်ထားစမ်း။ ငါ့အရှေ့မှာ ငါ့ကို သနားတယ်လို့ပြောတာ အမုန်းဆုံးပဲ။ နင့်အမေ ငါ ကျိုးပဲ့နေတာမဟုတ်ဘူး။ ခြေကောင်းလက်ကောင်းကြီး အလုပ်တွေ အများကြီးလုပ်နိုင်တယ်။ ဒီလက်ကလေးပေါက်လို့ ငိုမဲ့မဲ့ဖြစ်တဲ့အထဲ ငါမပါဘူး"

"ဟုတ် အမေ သမီး မငိုတော့ပါဘူး။ နောက်မပြောတော့ပါဘူးနော်"

အမေ့ဒေါသကိုကြည့်၍ကြောက်လန့်သွားသော သားလတ်ကိုကြည့်၍ စိတ်မကောင်းဖြစ်သွားသည်။ သမီးငယ်လေးက အိပ်ပျော်နေလို့တော်သေးသည်။

"ဒီမှာ သမီးနဲ့သား သေချာမှတ်ထား။ အမေ ပညာမတတ်လို့ အလုပ်ကြမ်းလုပ်ရတယ်။ ဒါပေမယ့် အမေ ပျော်တယ်။ ကျေနပ်တယ်။ အားမငယ်ဘူး။ အမေ့မှာ သားသမီး သုံးယောက်အတွက် ရည်မှန်းချက်တွေရှိတယ်။ သားနဲ့သမီးက ငယ်သေးလို့အမေ စကားအများကြီးမပြောချင်ပေမယ့် တစ်ခုထဲမှတ်ထား။ သနားတယ်ဆိုတဲ့စကားဟာ ရည်မှန်းချက်ရှိသူတွေရဲ့ စိတ်ကို ရိုက်ချိုးစေတာပဲ။ သူ့နေရာနဲ့သူ သနားတတ်ဖို့လိုတယ်။ သနားလို့ အလကားပေးမယ်။ အချောင်လိုချင်သွားတယ်။ လွယ်လွယ်ရသွားတော့ အလုပ်တန်ဖိုးမသိတော့ဘူး။ အဲဒါ ပျက်စီးခြင်းအစပဲ၊ အမေ့ကိုမသနားနဲ့သမီး။ အမေ ဟောဒီ ခြေလက်တွေ သက်သေတည်ပြီး သားသမီးသုံးယောက်ကို မငတ်အောင် အရွယ်ရောက်တဲ့အထိ ကိုယ့်ခွန်အားနဲ့ ရုန်းကန်ကျွေးမယ်လို့ ကတိပေးတယ်။ ဘယ်တော့မှ အမေ့ကို သမီးပါးစပ်က သနားတယ်လို့ မထွက်မိစေနဲ့ ဒါနောက်ဆုံးဖြစ်ပါစေသမီး"

"ဟုတ် အမေ"

ထမင်းဝိုင်းလေးက အေးစက်စွာပြီးဆုံးသွားပေမယ့် အေးမာကျေနပ်မိသည်။ သူပြောချင်သည့်စကားတွေ သားသမီးတွေရှေ့မှာ ပြောလိုက်ရ၍ ကြည်နူးမိသည်။ အရွယ်ငယ်သေးလို့ နားမလည်ရင်တောင် နေ့ရက်တိုင်း ပြောနေဦးမည်။ လက်ကောင်းခြေကောင်းတွေနှင့် ကိုယ့်ခွန်ကိုယ့်အားသုံးပြီး ဘဝကို ကြံ့ကြံ့ခံနိုင်အောင် သားသမီးတွေကို လမ်းညွှန်ပေးနေရမည်ဖြစ်သည်။ ။

ဝတ္ထုတို

# ဒုံးယိမ်းကတဲ့နေ့

## မောင်ကြည်လင်(ရွှေကြိုးကြာ)

"ကျောင်းဖွင့်ချိန်၊ စိန်ပန်းတွေလည်း မြေမှာကြဲပြန့်နေ၊ ကံ့ကော်ပန်းတွေနဲ့အတူ.........." ဟူသော အလှူအိမ်မှ ဖွင့်လိုက်သည့် တွံတေးသိန်းတန်၏ "အင်းလျားမြေ"သီချင်းကို ကြားလိုက်ရချိန်တွင် ကျွန်တော်၏စိတ်သည် ဆရာဘဝ၏အစ အတိတ်ကာလသို့ စီးမျောသွားမိပါတော့သည်။

နွေဂိမှာန်တို့ လက်ပြနှုတ်ဆက်နေကြပြီ။ ဝသန်ရာသီဦးဝယ် စိန်ပန်းပွင့်တို့ ရဲရဲနီလေပြီ။ ကံ့ကော်ပန်းရနံ့တို့ လေအဟုန့်မှာ ရနံ့သင်းနေကြ၏။ မိုးစက်တို့က တဖွဲဖွဲနှင့် ဝန်းကျင်တစ်ခွင်သည် ကျွန်တော့်ကို မမြင်ဖူးသောကြောင့် စူးစမ်းနေကြသလားဟုပင် ထင်မိပါတော့၏။

ကားပေါ်မှအဆင်း အထက(၁)ဘားအံ ဟူသော ကျောင်းဆိုင်းဘုတ်ကိုကြည့်၍ "ငါ ဖွဲ့ကပင်မြေကို ချေချလိုက်ပြီ"ဟူသော အသိစိတ်က ရင်ကိုကြည်နူးစေသလား။ ဒါမှမဟုတ် မရောက်ဖူးသည့် ပတ်ဝန်းကျင်အသစ်ကြောင့် ကြောက်စိတ်ဝင်နေသည်လားဝေခွဲမရ။ ရင်ခုန်သံက ပတ်ဝန်းကျင်ကို လွှမ်းမိုးနေသည်မှာ အမှန်ပင်ဖြစ်သည်။

ဘားအံတွင် တာဝန်ကျသော မျိုးပပ၊ ကေခိုင်ဝင်း၊ သက်သက်နွယ် စသည့် သူငယ်ချင်းများ အထုပ်ကိုယ်စီကိုင်ကာ ယာယီနားခိုကြမည့် အထက (၁) ဘားအံ ပင်မကျောင်းဆောင်သို့ သွားနေကြပြီဖြစ်၏။ မျိုးပပနှင့် ကျွန်တော်သည် အီဟယ်ရွာလေးတွင် တာဝန် ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ကေခိုင်ဝင်းသည် အီဟယ်ရွာကြီးတွင် တာဝန်ကျသဖြင့် ကျွန်တော်နှင့် ရွာနီးလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။ တခြားသူငယ်ချင်းများသည် မည်သည့်အရပ်တွင် တာဝန်ထမ်းဆောင်ရမည်မသိ။ ကျွန်တော်နှင့် နီးသလား။ ဝေးသလား မခန့်မှန်းနိုင်ခဲ့ပေ။

"ဟဲ့ လာလေ၊ ဘာလုပ်နေတာလဲ"

"ဖွဲ့ကပင်တောင်ကို လိုက်ရှာနေတာဟ"

မျိုးပပ၏ခေါ်သံကြောင့် ကျွန်တော်ပြန်ဖြေလိုက်ပါသည်။ နာမည်သာသိပြီး မမြင်ဖူးသော ဖွဲ့ကပင်တောင်သည် ဘားအံမြို့၏ "မည်သည့်အရပ်တွင် ရှိသနည်း"ဟု ကျွန်တော်မသိပါ။ သို့သော် ဖွဲ့ကပင်မြေနှင့် ကျွန်တော့်နှလုံးသားတစ်စုံ ထပ်တူကျဖို့ အထုပ်ထမ်းကာ ရောက်ရှိနေခဲ့လေပြီ။

ကျွန်တော်တို့သည် ၂၀၀၈ ခုနှစ် မတ် ၂၀ ရက်တွင် ဘားအံသို့ရောက်သည်။ မတ် ၂၁ ရက်တွင် ဖွဲ့ကပင်မြေ၏ ကောင်းကင်သည် အုံ့မှိုင်းနေ၏။ မိုးရွာမည်လား၊ မရွာဘူးလားဟု ကျွန်တော် မသိနိုင်ခဲ့ပါ။ ထိုအချိန်တွင် "နို့တလေး ဆရာ--နို့တလေး ဆရာ"

နို့တလေးရွာတွင် တာဝန်ကျသည့် ဆရာကို ရွာလူကြီးများ လာကြိုသွားကြသည်။

"ကျုံစိမ်ရွာ ဆရာမ"

ကျုံစိမ်ရွာတွင် တာဝန်ကျသည့်ဆရာမကို ကျောင်းအကျိုးတော်ဆောင်လူကြီးများ လာခေါ်သွားကြ၏။

“ ကျွန်တော်တို့ ဆရာ ဆရာမ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စည်း၊ ဝါး မတိုက်ထားဘဲ "ထီး ခေါင် ထီး ခေါင် ထီး ခေါင်လားဟေ့ ဒုံးယိမ်းရဲ့ပွဲမှာ တစ်ညလုံးပဲ ရင်ခုန်တယ် ပိုးကရင်မလေးရယ်" ဟူသော စိုင်းဆိုင်မောဝ်၏ "ဒုံးယိမ်းည" သီချင်းကို သံပြိုင်သီဆိုလိုက်သောအခါ ရွာသူ ရွာသားများ၏ လက်ခုပ်သံက ဖွဲ့ကပင်တောင်ကြီး တုန်ခါလျက် ”

နောက်ဆုံးတွင် ကျွန်တော်၊ မျိုးပပနှင့် ကေခိုင်ဝင်းတို့သည် အဝတ်အစားထုပ်ဘေးတွင် ထိုင်ကာ လာကြိုမည့်သူကို မျှော်နေကြရတော့သည်။ ထိုနေ့ ညနေစောင်းသည်အထိ ကျွန်တော်တို့ကို လာကြိုမည့်သူ ပေါ်မလာ။ ထို့ကြောင့် သူငယ်ချင်းသုံးယောက် စိုးရိမ်ပူပန်စွာဖြင့် ထိုညကို ဖြတ်သန်းခဲ့ရ၏။ ထိုညသည် ကျွန်တော့်အတွက် ဖွဲ့ကပင်မြေတွင် ညတာ အရှည်ဆုံးဟုပင် ထင်မှတ်ခဲ့ရသည်။

၂၀၀၈ ခုနှစ် မတ် ၂၂ ရက် မိုးက သဲသဲမဲမဲရွာနေ၏။ ကျောင်းနံရံကိုမှီ၍ မိုးစက်များကို ငေးကာ လာကြိုမည့်သူများကို မျှော်နေကြသည့် ကေခိုင်ဝင်းနှင့် မျိုးပပကို ကျွန်တော် စာနာသနားမိသည်။ သူတို့ကို အားပေးဖို့ ကျွန်တော် စကားလုံးရှာမရ။ လာကြိုမည့်သူမလာလျှင် ပညာရေးမှူးရုံးကို အကြောင်းကြားရန် ကျွန်တော် ပြင်ဆင်ရတော့သည်။ မိုးသည်ငြိမ်သက်သွား၏။ ပတ်ဝန်းကျင်သည် ပြန်လည်အသက်ဝင်လာပြန်သည်။ ထိုစဉ်–

"အီဟယ်ရွာလေးက ဆရာနဲ့ ဆရာမ"

"အီဟယ်ရွာကြီး ဆရာမ"

ဗမာစကားမပီ။ စကားသံကဝဲဝဲ။ ကွမ်းယာကို ဝါးလျက် မတ်တတ်ရပ်နေသော အသားဖြူဖြူနှင့် လူကြီးသုံးဦးကို ကြည့်ကာ ကျွန်တော် ထခုန်မိပါသည်။ လာကြိုကြပြီ။ သူတို့ ကျွန်တော်တို့ကို လာကြိုကြလေပြီ။ အဝတ်အစားအိတ်ကိုဆွဲပြီး ကျောင်းအောက်သို့ ကျွန်တော်တို့သုံးယောက် ဆင်းလာခဲ့သည်။

"ဆရာတို့ ဆရာမတို့ ငါတို့လာကြိုတာ နောက်ကျတယ်ဝေ့၊ နင်တို့ စိတ်မဆိုးနဲ့နော့"

လူကြီးတစ်ဦးက စကားသံဝဲဝဲနှင့် ပြုံး၍ ပြောသည်။

"ရပါတယ် ဦးလေး၊ လာကြိုပေးတာပဲ ဝမ်းသာပါတယ်"

ကျွန်တော်ပြောသည့်စကားကို ကောင်းစွာနားလည်ကြဟန်မတူပေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်နေကြပါသည်။ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် လာကြိုသည့် လူကြီးများနောက်သို့ လိုက်သွားကြ၏။ ကျွန်တော်တို့ တာဝန်ကျသည့် အီဟယ်ရွာကြီး၊ အီဟယ်ရွာလေးသည် ဘားအံမြို့ မြိုင်ကလေးမြောက်ဘက်အခြမ်း၊ ဝါးဘိုးတောလမ်းခွဲမှ သွားကြရပါသည်။ ဝါးဘိုးတောမှ တစ်ဆင့် ဘင်ဂျီရွာ၊ ဝင်းဒရယ်ရွာ၊ ကျောက်တစ်လုံးရွာ၊ ကြာအင်းရွာ၊ နော့နော်ဝါးရွာ စသည့်ရွာများကို ဖြတ်ကျော်ကာ လယ်ကန်သင်းရိုးလမ်းအတိုင်း သွားကြမည်ဖြစ်၏။

နော့နော်ဝါးရွာ ရပ်ရွာလူကြီး စောချစ်သိန်းအိမ်တွင် ခရီးတစ်ထောက်နားကြသည်။ လာကြိုသည့် လူကြီးများက အိမ်ရှင်များနှင့် မိတ်ဆက်ပေးသည်။ အကြောင်းကိစ္စနှင့် ဘားအံသွားရပါက စောချစ်သိန်းအိမ်တွင် ညအိပ်နိုင်ကြောင်း၊ အကူအညီတောင်းနိုင်ကြောင်း၊ ဆက်သား (ခရီးလိုက်ပါပို့ဆောင်ပေးမည့်သူ)တောင်းနိုင်ကြောင်း စသည်ဖြင့် အသိပေးထားကြသည်။ ကျွန်တော်သည် တစ်ခါမျှမကြားဖူးသည့် ကရင်(စကောကရင်)စကားသံဝဲဝဲကို နားထောင်ရသည်မှာ ကြည်နူးမိပါသည်။ နားမလည်သဖြင့် သူတို့ရယ်လျှင် လိုက်၍ရယ်ရသည်။ သူတို့ပြောသမျှ ခေါင်းကိုသာ အကြိမ်များစွာ ညိတ်ခဲ့ပါသည်။

စီးလာသည့် ဆိုင်ကယ်များကို နော့နော်ဝါးတွင် အပ်နှံခဲ့ကြရသည်။ နော့နော်ဝါးရွာမှတစ်ဆင့် ခြေကျင်ခရီးဆက်ကြရပြန်သည်။ ကျွန်တော်တို့ အဝတ်အစားထုပ်များကို နော့နော်ဝါးမှ ခေါ်ယူခဲ့သည့် "ဆက်သား"က လိုက်ပါပို့ဆောင်ပေးပါသည်။ နော့နော်ဝါးမှ ခရီးဆက်ရာလမ်းသည် လယ်ကန်သင်းရိုးလမ်းကလေးများဖြစ်သည်။ အရပ်ရှစ်မျက်နှာတွင် အမည်မသိသော တောင်တန်းကြီးများ ဝန်းရံထားသည်။ ချောင်းရိုးများကို ဖြတ်ကျော်ကြရသည်။ တောတန်းများကို ကွေ့ပတ်ခဲ့ရသည်။ တောတန်းတွေကြား စိမ်းညို့ညို့သစ်ပင်များအထက်တွင် သစ်ခွပန်းများလည်း တွေ့ရသည်။

စမ်းချောင်းကလေးများလည်း စီးဆင်းနေကြသည်။ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ ထီးရိုးဝါး စသည်ဖြင့် စုံလင်လှသည်။ ဤသို့ဖြင့် ဆရာမ ကေခိုင်ဝင်း တာဝန်ကျသည့် အီဟယ်ရွာကြီးသို့ ရောက်ခဲ့ကြသည်။ ရွာလူကြီးအိမ်သို့ ကေခိုင်ဝင်းကို လိုက်ပို့ကြသောအခါ ရွာလူကြီးမရှိ။ အံ့သြစရာကောင်းသည်မှာ အိမ်ပေါ်တက်သည့် လှေကားမတွေ့ရခြင်းပင်ဖြစ်သည်။ နောက်မှသိရသည်မှာ အိမ်တွင်လူမရှိပါက လှေကားကို ဖြုတ်၍ သိမ်းထားခဲ့ကြောင်း၊ လှေကားမရှိပါက အိမ်ရှင်များမရှိဟူသော သင်္ကေတအဖြစ် မှတ်သားထားကြောင်း သိခဲ့ရသည်။

အီဟယ်ရွာကြီးနှင့် အီဟယ်ရွာလေးသည် ကရင်စကားအရ ကွမ်းတစ်ယာညက်ခန့်သွားရသည်ဟုဆိုသော်လည်း တောင်ကုန်းတစ်ခုကို ကျော်ရသဖြင့် ဝေးသည်ဟုဆိုရမည်ဖြစ်သည်။ အခြားသူငယ်ချင်းများကို တာဝန်ကျသည့်ရွာက မည်သို့ဆီးကြိုကြသည်ကိုမသိရသော်လည်း အီဟယ်ရွာကြီးတွင် ဆရာမဖြစ်သူကို ရပ်ရွာရပ်မိရပ်ဖများက ဝိုင်းဝန်းကြိုဆိုကြသည်။ သို့သော် အီဟယ်ရွာလေး၏ ဆရာများကို ဆီးကြိုပုံသည် ဘဝတွင် ထပ်မရနိုင်တော့သည့် ကြိုဆိုခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်မိပါသည်။

"ဒုံး----- ဒုံး----- ဒုံး"

ရွာရောက်ခါနီးကြားရသည့် စည်းချက်ညီညီ တီးခတ်လိုက်သော တူရိယာအသံကြောင့် ကျွန်တော်နှင့် မျိုးပပ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြသည်။ ရွာထိပ်အရောက်တွင် ကရင်အင်္ကျီအရောင်စုံစွာ ဝတ်ဆင်ထားသည့် ကရင်အဘိုး၊ အဘွားများ၊ မုကနော်(အပျိုမများ)၊ ဖိုးသာခွား(လူပျိုများ)၊ ဖိုးချေချေ(ကလေးများ)၊ ကျိုးဖိုးမူ၊ ကျိုးဖိုးခွား (ကျောင်းသား ကျောင်းသူများ)သည် ပန်းမျိုးစုံကိုင်လျက် ရပ်နေကြသည်။ ကာလသားအချို့က ရိုးရာတူရိယာများကို တီးခတ်နေကြသည်။ ကာလသမီးအချို့က ဒုံးယိမ်းကနေကြသည်။ ကျန်လူများက ရိုးရာသီချင်းကို ရိုးရာဘာသာစကားဖြင့် သီဆိုနေကြသည်။

အချင်းချင်း တီးတိုးစကားပြောကြသူများနှင့် ကျွန်တော်နှင့် မျိုးပပကို ပန်းများ လာရောက်ပေးသူများလည်းရှိကြသည်။ ရွာလမ်းအတိုင်းတန်းစီကာ ရပ်ရွာလူကြီး ဦးစောဖားပစ် အိမ်သို့ လိုက်ပို့ကြသည်။ ဦးစောဖားပစ်အိမ်ရှေ့ မြေကွက်လပ်တွင် ဒုံးယိမ်းကကြပြန်သည်။ ထို့နောက် ရွာလူကြီး ဦးစောဖားပစ်က ကျွန်တော်တို့ကို ရပ်ရွာနှင့် မိတ်ဆက်ပေးရာတွင် မြန်မာစကား၊ ကရင်စကားတစ်လှည့်စီ မိတ်ဆက်ပေးသည်။ ထို့နောက် ကျွန်တော်တို့ထက် တစ်နှစ်စော၍ တာဝန်ကျသူဆရာမနှင့် မိတ်ဆက်ပေးသောအခါ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်မှ ဆရာမမြတ်ဆုပိုင်ဟု သိရသောအခါ လမ်းခရီးတွင် ပင်ပန်းသမျှ ပြေပျောက် ခဲ့ရတော့သည်။

ထိုအချိန်တွင် ကျွန်တော်တို့ကို လာကြိုသည့် ဦးလေးများက ကရင်စကားဖြင့် ဘာပြောလိုက်သည် မသိပါ။ မိန်းမပျိုများက ဆရာမမြတ်ဆုပိုင်နှင့် မျိုးပပကို လက်ဆွဲခေါ်သည်။ လူပျိုအဖွဲ့က ကျွန်တော့်ကို ခေါ်ကာ ကပြရန်တောင်းဆိုကြပါသည်။ ကျွန်တော်တို့ ဆရာ ဆရာမ သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စည်း၊ ဝါး မတိုက်ထားဘဲ "ထီး ခေါင် ထီး ခေါင် ထီး ခေါင်လားဟေ့ ဒုံးယိမ်းရဲ့ပွဲမှာ တစ်ညလုံးပဲ ရင်ခုန်တယ် ပိုးကရင်မလေးရယ်" ဟူသော စိုင်းဆိုင်မောဝ်၏ "ဒုံးယိမ်းည"သီချင်းကို သံပြိုင်သီဆိုလိုက်သောအခါ ရွာသူရွာသားများ၏ လက်ခုပ်သံက ဖွဲ့ကပင်တောင်ကြီး တုန်ခါလျက် သံလွင်မြစ်ကြီး လှိုင်းတံပိုးခတ်သွားလိမ့်မည်ဟု ယုံကြည်ရင်းဖြင့် ထိုနေ့က အီဟယ်ရွာလေးမှ ရွာသူရွာသားများနှင့်အတူ ကျွန်တော်တို့ ဒုံးယိမ်းကခဲ့ကြသည်ကို ယနေ့တိုင်ပင် သတိရလွမ်းဆွတ်နေမိပါတော့သည်။ ။

## ကြိုတင်ကာကွယ် ဂိမ်းအန္တရာယ်

❋ နည်းပညာ သိပ္ပံခေတ်မှာတော့
မျိုးဆက်သစ် လူငယ်တွေ၊
အပြိုင်အဆိုင် ကိုယ်စွမ်းစနဲ့
ကြိုးစားကြလေ။
နိုင်ငံအတွက် အားအင်ပေး
ညီညာစေ အားသစ်လောင်း၊
ကမ္ဘာ့အလယ် ရှေ့ဆက်လှမ်းဖို့
ပန်းအညွန့်ကောင်း။

❋ ပြည်မြန်မာ နေရာအနှံ့
ခြေဆန့်လို့ သူကယူ၊
ဂိမ်းအန္တရာယ် လွန်စွာဆိုး
မျိုးတုံးသတ်သူ။
အိပ်စားပျက် တစ်မျိုးပူ
ဆဲသံဆူ ဆော့ကစား။
ဖရိုသဝါစာ လက်ကိုင်သုံးတော့
ရှုံးပေါ့လူသား။

❋ မိဘတွေ ဆင်ခြင်ကြရင်ဖြင့်
သားသမီး ဆုံးမကွယ်၊
စာအုပ်စာပေ ဝယ်ကာပေးလို့
ရှေ့ရေးမြော်မယ်။
ဂိမ်းနေရာ အစားထိုးလို့ရယ်
သုတကြွယ် စာပေက၊
နည်းပညာ ထပ်ကာပေါင်းတော့
လူကောင်းဖြစ်ရ။

ချစ်သက်(မြန်မာစာ)

## အောင်မြင်သူတို့ လျှောက်သောလမ်း

အသိနှင့် အတတ်ပညာ
ပေါင်းစပ်ကာ ကြံစည်တွေး။
အောင်မြင်ရာ လူ့ဘဝ
ရလိမ့်မနှေး။

အတတ်ပညာ ဟူသမျှ
သင်ယူကြ မိတ်သဟာ
ကြိုးစားဖို့မှာ။
ဇွဲ၊ လုံ့လနှင့် အသိပညာ
တူယှဉ်ကာ အနိုင်နဲ့။
အခက်ခဲကို ကျော်ဖြတ်ဖို့
စိတ်ဓာတ်ခိုင်မြဲ။

ယုံကြည်စွာ ဆန္ဒကဲပြီမို့
စိတ်ထဲက လိုရာစေ။
ပီပြင်စွာ ဖြစ်ဖို့အတွက်
ရှေ့ဆက်လို့နေ။
ထိပ်ဆုံးထိ ရောက်ဖို့လေ
စွမ်းအားတွေ မြှင့်တင်ထား။
ပန်းတိုင်ဟာ လက်တစ်ကမ်းမို့
တက်လှမ်းစို့လား။ ။

ခင်နွဲ့မူ (ပုလဲ)

## အနုပညာ



# တစ်နေ့ကို ဝင်ငွေ ပေါင် သုံးသောင်းခန့် ရရှိခဲ့တဲ့ ကာရာဒယ်လီဗင်း

ထိပ်တန်းမော်ဒယ်လ် တစ်ဦးဖြစ်သူ ကာရာဒယ်လီဗင်းအနေနဲ့ သူ့ရဲ့ အနုပညာလုပ်ငန်းတွေနဲ့ အခြားသော စီးပွားရေးလုပ်ငန်းတွေကနေ ရရှိခဲ့တဲ့ ဝင်ငွေဟာ တစ်နေ့ကို ဗြိတိန်ပေါင် သုံးသောင်းနဲ့ ညီမျှကြောင်း အေးရှားဝမ်း ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ကာရာဒယ်လီဗင်းဟာ လက်ရှိမှာ ပေါင် ၄၅ ဒသမ ၇ သန်းခန့် ပိုင်ဆိုင်ထားပါတယ်။ နိုဝင်ဘာ လကုန်ပိုင်းက ထုတ်ပြန်ခဲ့တဲ့အချက်အလက်တွေအရ ကာရာဒယ်လီဗင်းဟာ သူ့ရဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ Harvey White Properties အပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းတွေက ရရှိခဲ့တဲ့ ၂၀၂၁ ခုနှစ်အတွင်း ဝင်ငွေဟာ တစ်ရက်တာ ပေါင် သုံးသောင်းခန့်ရှိခဲ့ကြောင်း သိရပါတယ်။

အနုပညာချီးမြှင့်ငွေ အများဆုံး မော်ဒယ်လ်အဖြစ်လည်း ရပ်တည်နေတဲ့ ကာရာဒယ်လီဗင်းဟာ အမေရိကန်မှာလည်း Cara Co (US) Inc နဲ့ Hot Mess Industries LLC ကုမ္ပဏီနှစ်ခု ဖွင့်လှစ်ထားကြောင်း သိရပါတယ်။ ■

# iTunes တေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်တဲ့ အာရမ်ရဲ့ ပွဲဦးထွက်တေးသီချင်း Wild Flower

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အာရမ်ဟာ သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Wild Flower ကို လတ်တလော ထုတ်လွှင့်ခဲ့ရာမှာတော့ ကမ္ဘာတစ်ဝန်း နိုင်ငံနဲ့ ဒေသပေါင်း ၈၇ ခုက iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာ ရယူထားနိုင်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဇင်ဘာ ၃ ရက်မှာ ဘစ်ဟစ်မြူးဇစ်က အာရမ်ရဲ့ တေးသီချင်း Wild Flower အနေနဲ့ နိုင်ငံနဲ့ ဒေသ ၈၇ ခုမှာရှိတဲ့ iTunes တေးဂီတဇယားတွေကို ဦးဆောင်ထားကြောင်း ထုတ်ပြန်ခဲ့တာပါ။ အဆိုပါ တေးသီချင်းကို ဒီဇင်ဘာ ၂ ရက်က စတင်ထုတ်လွှင့်ခဲ့တာလည်းဖြစ်ပါတယ်။ အာရမ်ရဲ့ ပထမဆုံး တစ်ကိုယ်တော် တေးအယ်လ်ဘမ် Indigo ထုတ်လွှင့်မှုနဲ့အတူ ခေါင်းစီးတေးဖြစ်တဲ့ Wild Flower ကိုလည်း တစ်ပါတည်း ထုတ်လွှင့်ပေးခဲ့တာပါ။

# ဆောင်းဟေကိုရဲ့ ဇာတ်လမ်းတွဲသစ် ထုတ်လွှင့်မယ့်ရက် ကြေညာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဆောင်းဟေကိုရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်အတွက် အစမ်း ဗီဒီယိုထုတ်လွှင့်မှုနဲ့အတူ အဆိုပါဇာတ်လမ်းတွဲ စတင်ထုတ်လွှင့်မယ့်ရက်ကိုပါ တစ်ပါတည်း ကြေညာခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုရဲ့ ဇာတ်လမ်းတွဲသစ်ကို နက်ဖ်လစ်ဇ်က ထုတ်လွှင့်ပြသမှာဖြစ်ပြီး The Glory လို့ အမည်ရတဲ့ အဆိုပါ ဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၃၀ ရက်မှာ စတင်ပြသမှာပါ။ ယင်းဇာတ်လမ်းတွဲဟာ ကျောင်းတွင်း အနိုင်ကျင့်မှုတွေကို ပုံဖော်ထားတာဖြစ်ပြီး လက်စားချေမှုတွေကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**



# မော်ဘီမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

မော်ဘီ ဒီဇင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ကျင်းပရာ မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီးဝေမိုးအောင်၊ မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်က စုရပ်အဖြစ် သတ်မှတ်ထားသည့် မော်ဘီမြို့မဈေးရှေ့မှစတင်၍ မော်ဘီမြို့နယ် အားကစားကွင်းသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကောက်ညှင်းပေါင်းနှင့် အကြော်များ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**○ ပေါ်တူဂီအသင်းမှ**

ရမှတ်လေးမှတ်ရရှိခဲ့ကာ အုပ်စုအဆင့်ဒုတိယနေရာနဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

တောင်ကိုရီးယားအသင်းနဲ့ ပေါ်တူဂီအသင်း တို့ပါဝင်နေတဲ့ အုပ်စု(H)မှာ ပေါ်တူဂီအသင်းက ရမှတ်ခြောက်မှတ်ရရှိထားတာကြောင့် အုပ်စုအဆင့် ပထမနေရာနဲ့ (၁၆)သင်းအဆင့် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ တောင်ကိုရီးယားအသင်းဟာ (၁၆)သင်းအဆင့်မှာ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်မယ့်အသင်းတစ်သင်းအဖြစ် ရေပန်းစားနေတဲ့ ဘရာဇီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

အုပ်စု(G)ရဲ့ ပွဲစဉ်တွေမှာတော့ ဆွစ်ဇာလန်အသင်းက ဆားဘီးယားအသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ရမှတ်ခြောက်မှတ်ရရှိခဲ့ကာ အုပ်စုဒုတိယနေရာနဲ့ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။ အုပ်စု(G)ရဲ့ အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကင်မရွန်းအသင်းနဲ့ ဘရာဇီးအသင်းတို့ ပွဲစဉ်မှာတော့ ကင်မရွန်းအသင်းက ဘရာဇီးအသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပေမယ့် ရမှတ်လေးမှတ်သာ စုဆောင်းနိုင်ခဲ့တာကြောင့် ရမှတ်ခြောက်မှတ်ရရှိထားတဲ့ ဘရာဇီးအသင်းက (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ယနေ့ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ (၁၆)သင်းအဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ နယ်သာလန်နဲ့ အမေရိကန်တို့ပွဲစဉ်မှာ နယ်သာလန်က သုံးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းခဲ့ပြီဖြစ်ပါတယ်။ **ငွေကြယ်**

**✻ မြန်မာ MMA မှ**

ပက်ကာတူသည် ထီရယ်လ်ထန်စ် ဦးခေါင်းကို ခြေဖြင့်ချုပ်ပြီး ဒုတိယအချီ ၁ မိနစ် ၁၇ စက္ကန့်တွင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ထီရယ်လ်ထန်သည် ONE Championship အဖွဲ့ အစည်းနှင့် လက်တွဲအပြီး ခြောက်ပွဲမြောက် ထိုးသတ်ရာတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – ONE**

**အားကစား မြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

